မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အလိုက် ကော်မတီများဖွဲ့စည်းရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်

အစည်းအဝေးများကို ၂၀၁၁ ခုနှစ် မတ်လ (၁)ရက်တွင် ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၆၅၈ ဦးရှိသည့်အနက် ၆၅၅ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း

စာမျက်နှာ ၃ ကော်လံ ၁ ◆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီရောက်ရှိလာပြီ။ ဤရာသီတွင် မီးလောင်မှုများ ပိုမိုဖြစ်ပွားတတ်သည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းများကို လေ့လာကြည့်ရာတွင် ပေါ့ဆမှုကြောင့် ဖြစ်ပွားသော မီးလောင်မှုက ပိုများကြောင်း သိရသည်။

"မီးကိုကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ" ဟူသည့် မီးဘေးအန္တရာယ်သတိပေးဆောင်ပုဒ်အရ ပြည်သူများသည် မီးကိုစနစ်တကျ သုံးစွဲကြရန် အထူးလိုအပ်သည်။

ပြည်သူများအနေဖြင့် မီးလောင်မှုလျော့နည်းပပျောက်စေရန်အတွက် သက်ဆိုင်ရာက ထုတ်ပြန်ထားသော မီးဘေးကာကွယ်ရေး ကြိုတင်သတိပေးမှုများကို လိုက်နာဆောင်ရွက်ခြင်း၊ မီးဘေးတားဆီးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခြင်း၊ မိမိအိမ်မှ စတင်ပြီး မီးမလောင်စေရေးအတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊ အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိခြင်းတို့သည် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရာ ရောက်ပါသည်။

ထို့ပြင် မီးလောင်မှုလျော့နည်းစေရန်အတွက် မီးဖိုမီးများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရမည်ဖြစ်သည်။ မီးဖိုဘေးတွင် လောင်စာနှင့် လောင်စာဆီများ မထားရန်၊ မီးဖိုမီးများကို မြေကျင်းတူး၍ စနစ်တကျ အသုံးပြုရန်၊ မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်မီးနှင့် ခြင်ဆေးခွေများကို ထရံ၊ ခြင်ထောင်တို့နှင့်အနီးတွင် မထွန်းညှိရန်တို့ကို သတိပြုဆင်ခြင်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့်လည်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ပြည်သူများအား ပညာပေးမှု၊ သတိပေးမှုများအပြင် လက်တွေ့မီးငြိမ်းသတ်နည်းများကိုပါ ပိုမိုဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပညာပေးမှု၊ သတိပေးမှုများကို ဝိုင်းဝန်းလိုက်နာသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ "မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်"ဆိုသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးတစ်ယောက်၏ပေါ့ဆမှုကြောင့် အများပြည်သူ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ မြို့ရွာတစ်ခွင် အေးချမ်းသာယာရေးတို့အတွက် ပြည်သူတစ်ဦးချင်းစီက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာဆောင်ရွက်သွားကြပါက မြို့ရွာတစ်ခွင် အေးချမ်းစည်ပင် သာယာနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်ပွဲ

ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲ

ပုသိမ်၌ ဆုချီးမြှင့်

ပုသိမ် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ရတနာတန်ဆောင်) ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်အေးသိန်းနှင့် မူကြို ဆရာမများ၊ ပုသိမ်ခရိုင် ခုနစ်မြို့နယ်မှ မူကြိုဆရာမများနှင့် ပြိုင်ပွဲဝင်ကလေးငယ်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ပုသိမ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်က အမှာစကား ပြောကြားပြီး (အပေါ်ပုံ) မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲ ဆက်လက်ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (မတ်/ ၂၀၁၁)ကို မတ် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာ ထွန်းလွင် (မိုး/ဇလ)(ငြိမ်း)က မြန်မာနိုင်ငံ၏ လက်ရှိ ရာသီဥတုပြောင်းလဲခြင်း အခြေအနေနှင့် ၂၀၁၁ ခုနှစ်အတွင်း ရာသီဥတု အလားအလာ (Recent Climate Changes in Myanmar and The Weather Outlook For 2011) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားများအတွက် တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ရေးအခြေခံသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးဝင်း အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းပို့ချ

အဆိုပါသင်တန်းတွင် ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ဝက်များတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ ကြက်၊ ဘဲများတွင် ဖြစ်ပွားတတ်သောရောဂါများ၊ သိုး၊ ဆိတ်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ခွေးရူးရောဂါများ အကြောင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မေဝင်းရွှေနှင့် ဒုတိယဦးစီးမှူးများက သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်မြို့နယ် မြို့မဈေးမျက်နှာစာရှေ့ သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ထားမှုနှင့် နေကာအမိုးအား ဈေးသူဈေးသားများက ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဖေဖော်ဝါရီ ၁၇ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၂၄ ရက်က အမက(၂၀) လှိုင်သာယာ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မဇင်မင်းပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ထားဝယ်အသင်း၏ (၈၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူဘွဲ့ရရှိသူများ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်း မဟာမြိုင်ကျွန်းရှိ Western Park Royal ၌ကျင်းပမည် ဖြစ်ရာ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ထားဝယ်အသင်း)

◆ ရှေ့ဖုံးမှ

သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နောင်လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် လွှတ်တော်သို့ တင်သွင်းသည့်မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ကျင်းပမည်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ၁၃ ရက်မြောက်နေ့ အစည်းအဝေးကို ရပ်နားကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အလိုက် ကော်မတီများဖွဲ့စည်းရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ရပ်နားထားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများကို မတ်လ ၁ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လက်မှတ်ရေးထိုး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နောင်လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် လွှတ်တော်သို့ တင်သွင်းသည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၆ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

Jade Crown Organizing Group ကကြီးမှူး၍ SHINE Construction ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာ ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည့် Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ပါဝင်ပြသ

အဆိုပါပြပွဲတွင် နာမည်ကျော်ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ကြသော SHINE Construction, ILBC, YIS, KMD, HORIZON INTERNATIONAL, TOTAL, NELC, SR Education, Nexus English Language Centre ပညာရှေ့အိုး၊ STI Education, Global Enchanting Education, Ever Clever Education, MST Computer Center, MPEC, Global Net, Strategy First, OESC, Study Abroad, GETC, ရွှေလမ်းသစ် Education, Sky Ward Education, SUIC University (Thailand), ACA ပညာ့ရိပ်ငြိမ်ဘော်ဒါ, DSP ဘော်ဒါ၊ ဒေါ်ယုယုမြင့် LCCI သင်တန်း A+ Science Land, APT Education, Techno Point Engineering Training Centre, Green Light Pre- School, Perfect Computer, Smart Electronic Dictionary, Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်ထုတ် အိမ်ဆောက်ပစ္စည်းများနှင့် Steel Door များ၊ Ocean Glory (Lecco), Home Distribution Group , Asterism မှ အိမ်ခေါင်မိုးပြားများ၊ JBS Electronic, Hitachi Electronic ပစ္စည်းများ၊ alpha ရေပူ/ရေအေး ချိုးစက်များ၊ Ever Seiko, AC Makeup ,EMP (Haicneal ခေါင်းလျှော်ရည်)တို့မှ အလှကုန်ပစ္စည်းများ၊ Columbus Health Care Service, Samitivej ဆေးရုံ (Bangkok), Pararam -9 ဆေးရုံ (Bangkok), Keen Cie Health Care Service, Apollo Hospital Group, Raffles Hospital (Singapore), SML (Medical & Diagnostic Centre), Right Lab (laboratory), United Pharma, Mega life science, Model Pharma, Ranbaxy, Dr. Reddy, Fair Deal, Zaburit ကုမ္ပဏီတို့မှ နိုင်ငံခြားဆေးများ၊ Central Bio Equipment မှ ဆေးရုံသုံးကိရိယာများ, Thirst Aid Myanmar, မုန့်ချို၊ တောင်ကြီးမောက်မယ်၊ လွင်မြင့်အောင်၊ ရွှေမြန်မာ၊ ပွင့်ကောင်းမှ တိုင်းရင်းဆေးများ၊ ပန်းဝတ်မှုန် တိုင်းရင်းဆေး၊ သဘာဝသုခ စားသောက်ကုန်၊ Latest Fashion Shop, Good & More, Book For you စာအုပ်ဆိုင်တို့ အပါအဝင် ပြခန်းပေါင်း ၁၃၀ကျော် ပါဝင်ပြသလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၂၅ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ **မင်းမသိသေးပါဘူးကွာ**
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၅။ **Yan Can Cook**
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၉)
- ၁၃:၅၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၃:၅၅ ၈။ **မဟော်သဓာ**
- ၁၄:၂၀ ၉။ **နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ**
- ၁၄:၃၀ ၁၀။ **ရိုးသားစွာကြိုးစားပါ**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ လူငယ်နှင့်ဆေးလိပ်အန္တရာယ်
- ၅:၂၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၅)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၂)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၉)
- ၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၇-၂-၂၀၁၁)ရက်နေ့

၂၀၁၁ ခုနှစ် မတ်လအတွက်

(၁၃-၃-၂၀၁၁)ရက်နေ့နှင့် (၂၇-၃-၂၀၁၁)ရက်နေ့

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တရုတ်အနောက်မြောက်ပိုင်း နှင်းထူထပ်စွာကျဆင်း ခရီးသည် ၆၀၀၀ ခန့် သောင်တင်နေ

ယူရွန်ကီ ဖေဖော်ဝါရီ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်းရှိ ယူဂါကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် ဖေဖော်ဝါရီ ၂၄ ရက်က နှင်းများထူထပ်စွာကျရောက် သဖြင့် ထိုဒေသ၏မြို့တော် ယူရွန်ကီတွင် ခရီးသည် ၆၀၀၀ ခန့် သောင်တင်နေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ရပ်ဆိုင်းထား

အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအနှံ့အပြားတွင် ဖေဖော်ဝါရီ ၂၃ ရက်က နှင်းများကျဆင်းလာမှုကြောင့် မြို့တော်ကိုဖြတ်သွားမည့် အဝေးပြေးလမ်းမကြီး နှစ်ခုစလုံးကို ပိတ်ထားခဲ့ရသည်။ လမ်းမကြီးပေါ်တွင် နှင်းထုမှာ မီလီမီတာ ၃၀ အထိ ရောက်ရှိနေသဖြင့် ခရီးစဉ် ၁၀၀ ကျော်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အကြီးဆုံး စိန်ပွင့်ကြီး လန်ဒန်ပြတိုက်၌ ပြသထား

လန်ဒန် ဖေဖော်ဝါရီ ၂၅

အလေးချိန် ၁၁၀ ကရက်ရှိ တောက်ပသော အဝါရောင်စိန်ပွင့်ကြီးကို **(ယာပုံ)** လန်ဒန်မြို့ သဘာဝသမိုင်းပြတိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်က ထုတ်ဖော်ပြသခဲ့သည်။

အကြီးဆုံးစိန်

ဆန်းဒရော့အမည်ရှိ အဆိုပါ စိန်ဝါကြီးသည် အမျိုးသမီးတစ်ဦး၏ လက်မ အရွယ်ခန့်ရှိသည်။ ၄င်းစိန်ကြီးမှာ အဝါရောင်စိန်များတွင် ကမ္ဘာပေါ်၌ အကြီးဆုံးစိန်ကြီး ဖြစ်သည်။

အဆိုပါစိန်ကြီးကို ကိုရာအင်တာနေရှင်နယ် စိန်ထုတ်လုပ်သူများထံမှ ပြတိုက်က ငှားယူပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

စိန်အများစုမှာ သေးငယ်ပြီး အရောင်မရှိကြပေ။ စိန်များသည် ငါးကရက်ထက် ပို၍ကြီးသောစိန် ရှားပါးသည်။ မိမိအနေဖြင့် ထိုမျှကြီးမား



သော စိန်ကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမတွေ့ဖူးကြောင်း ပြတိုက်တာဝန်ရှိသူ အလန်ဟတ်က ပြောကြားသည်။ **(အင်တာနက်)**



ဥရောပကုန်တင်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းသို့ချဉ်းကပ်

ဂီယာနာ ဖေဖော်ဝါရီ ၂၅

ဥရောပ၏ အသစ်တီထွင်ဆန်းသစ်ပြုလုပ်ထားသော ဂျိုဟန်နက်စ်ကပ္ပလာ အမည်ရှိ ကုန်တင်အာကာသယာဉ်ကြီးသည် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ချဉ်းကပ် ဆိုက်ရောက်လာကြောင်း ဖေဖော်ဝါရီ ၂၄ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

သယ်ဆောင်

အဆိုပါအာကာသယာဉ်သည် လူလိုက်ပါခြင်း မရှိသည့် စက်ရုပ်ကုန်တင် အာကာသယာဉ်ဖြစ်သည်။ ၄င်းအာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်အတွက် လိုအပ်သည့် လောင်စာဆီ၊ အစားအစာ၊ လေနှင့် အပိုပစ္စည်းများ သယ်ဆောင်သွားခဲ့သည်။ ကပ္ပလာကုန်တင်အာကာသယာဉ်ကြီး တစ်စင်းလုံးတွင် အလိုအလျောက်အသုံးပြုသည့် ကွန်ပျူတာစနစ်များ တပ်ဆင်ထားသည်။ မြေပြင်ထိန်းချုပ်သူများနှင့် နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးများ၏ အကူအညီမပါဘဲ အလိုအလျောက်စနစ်ဖြင့် သယ်ဆောင်လာသော ကုန်ပစ္စည်းများ နိုင်ငံတကာ အာကာသစခန်းသို့ ပို့ချပေးမည်ဖြစ်သည်။

လွှတ်တင်လိုက်

အဆိုပါကုန်တင်အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ ဂရင်းနစ်စံတော်ချိန် ဖေဖော်ဝါရီ ၂၄ရက် ၁၅နာရီ ၄၉ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ၄င်းအာကာသယာဉ်ကို ဖေဖော်ဝါရီ ၂၃ရက်တွင် ဥရောပအာကာသ လွှတ်တင်ရေးစခန်းဖြစ်သည့် ပြင်သစ်ဂီယာနာက လွှတ်တင်လိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

နယူးဇီလန် မြေငလျင် သေဆုံးသူ ၁၁၃ ဦးထိရှိလာ

ခရစ်ချတ်ချ် ဖေဖော်ဝါရီ ၂၅

နယူးဇီလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ခရစ်ချတ်ချ်တွင် ငလျင်ပြင်းလှုပ်သဖြင့် အဆောက်အအုံများ ပြိုကျပျက်စီးသွားရာ၌ ပျောက်ဆုံးနေသူ ၂၂၈ ဦးအား နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကြိုးပမ်းရှာဖွေလျက်ရှိသည်။ သို့သော် မိုးရွာသွန်းမှုနှင့် ရာသီဥတုချမ်းအေးမှုတို့က ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ မျှော်လင့်ချက်များကို မှေးမှိန်စေသည်ဟု သတင်းတွင် ဖော်ပြထားသည်။

ကြိုးပမ်းနေ

နယူးဇီလန်သမိုင်းတွင် ဆယ်စုနှစ်များအတွင်း ဆိုးရွားသည့် ယင်းမြေငလျင်ကြောင့် အသက်ရှင် ပိတ်မိနေသူများကို ဂျပန်၊ တရုတ်နှင့် အမေရိကန်နိုင်ငံများမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများ၊ စကားပြောခွက်များ သုံးစွဲလျက် အပျက်အစီးများကြားမှ ကယ်ဆယ်ရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ခရစ်ချတ်ချ်၌ လှုပ်ခဲ့သည့် အင်အား ၆ ဒသမ ၃ရှိ မြေငလျင်ကြောင့် သေဆုံးသူ ၁၁၃ ဦးရှိသွားပြီဖြစ်သည်။ သေဆုံးသူအရေအတွက်လည်း ပိုများလာနိုင်သည်ဟု အာဏာပိုင်များက ပြောကြားသည်။ ပျောက်ဆုံးနေသူ အများအပြားမှာ ဂျပန်၊ တရုတ်၊ အိန္ဒိယတို့မှလာသည့် ကျောင်းသားများ ဖြစ်သည်ဟုလည်း သတင်းတွင် ဖော်ပြထားသည်။ ခရစ်ချတ်ချ် မြေငလျင်တွင် ဒဏ်ရာရသူ ၂၅၀၀ ကျော်ရှိခဲ့သည်။**အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ပါကစ္စတန်၌ အမေရိကန်မောင်းသူမဲ့လေယာဉ် နှစ်ကြိမ်တိုင်ပစ်ခတ်၊ ခြောက်ဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်ရှိ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ခိုအောင်းရာဒေသသို့ အမေရိကန်မောင်းသူမဲ့လေယာဉ်က နှစ်ကြိမ်ပစ်ခတ်မှုကြောင့် ခြောက်ဦးခန့်သေဆုံးခဲ့ကြောင်း ဒေသခံများက ဖေဖော်ဝါရီ ၂၅ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

သေဆုံး

ပထမအကြိမ်ပစ်ခတ်တိုက်ခိုက်ရာတွင် ဒုံးကျည်လေးစင်းဖြင့် ဒါတာခါလ်အရပ်သို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဒါတာခါလ်အရပ်သည် မြောက်ဝါဇီရစ္စတန်ပြည်နယ်၏ အထင်ကရမြို့ဖြစ်သော မီရန်ရှိတ်မြို့အနီးတွင် တည်ရှိပြီး အကြမ်းဖက်တိုက်ခိုက်ရေးသမားများ လှုပ်ရှားရာအရပ်ဟု ထင်မှတ်ကာပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပစ်ခတ်မှု၌ လေးဦးပွဲချင်းပြီး သေဆုံးခဲ့သည်။

ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်မှုတွင် ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ရာ၌ အာဖဂန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံဘက်ခြမ်းဒေသသို့ ပစ်ခတ်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပျက်စီးပြီး လူနှစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံတောင်ပိုင်း၌ ကမ္ဘာလှည့်ခရီးသည် စီးသည့်ဆင်နင်း၍ သေဆုံး

ဗန်ကောက် ဖေဖော်ဝါရီ ၂၅

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိတ်ဆွေကမ္ဘာလှည့်ခရီးသွား လေးဦးနှင့်အတူ ခရီးကြမ်းတစ်ခုကို ဆင်စီးသွားနေသော ဆွစ်ဇာလန်နိုင်ငံသူ အမျိုးသမီးကြီးတစ်ဦးဆင်ပေါ်မှကျကာ ဆင်နင်းခံရပြီး သေဆုံးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ဖေဖော်ဝါရီ၂၅ရက်၌ ပြောကြားသည်။

သေဆုံးခဲ့

အသက် ၆၃နှစ်အရွယ်ရှိ ဆွစ်ဇာလန် အမျိုးသမီးကြီးသည် ဆင်ပေါ်မှ လွင့်စဉ်ကျပြီး ဆင်နင်းမိသောဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

၄င်းကမ္ဘာလှည့်ခရီးသွားများမှာ စုစုပေါင်း ငါးဦးဖြစ်ပြီး ထိုင်းနိုင်ငံဖူးခက်အပန်းဖြေစခန်း၌ ခေတ္တတည်းခိုနေကြသူများဖြစ်သည်။ အဆိုပါကမ္ဘာလှည့် ခရီးသွားငါးဦးသည် ဆင်ထိန်းနှစ်ကောင်ငှားရမ်းကာ စီးနင်းပြီး ခရီးသွားနေစဉ် ဆင်များမှာ ရုတ်တရက်စိတ်ကြမ်းဝင်ကာ ကျောပေါ်မှခါချခဲ့သောကြောင့် ကမ္ဘာလှည့်ခရီးသွားများ မြေပေါ်သို့ လွင့်ကျခဲ့ပြီး ၄င်းဆွစ်ဇာလန်အမျိုးသမီးကြီး ဆင်နင်းခံရကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မိုးမြင့်လင်းလက် - ရေးသားသည်

နယူးဇီလန် စတီးဝပ်ကျွန်း၌ ဝေလငါးများသေဆုံး

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၅

ငလျင်ဒဏ်ခံရသော နယူးဇီလန်နိုင်ငံ စတီးဝပ်ကျွန်းကမ်းခြေတွင် ဖေဖော်ဝါရီ ၂၅ရက်က ဝေလငါးကောင်ရေ ၁၂၀ခန့်သေဆုံး**(အပေါ်ပုံ)** နေကြောင်း တွေ့ရှိရသည်ဟု နယူးဇီလန်အရာရှိများက ပြောကြားသည်။

မြင့်တက်ခဲ့

ဝေလငါးများ သေဆုံးနေမှုကို ရေကြောင်းသွား ကမ္ဘာလှည့်ခရီးသည် နှစ်ဦးတို့က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဝေလငါးများသေဆုံးမှုနှင့်ပတ်သက်၍ သတိပေးမှုများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဝေလငါးများသေဆုံးရမှုမှာ ငလျင်လှုပ်မှု၊ ပင်လယ်ရေအပူချိန်မြင့်တက်မှုနှင့် ဒီရေလှိုင်းများ ရိုက်ခတ်မှုတို့ကြောင့် ဖြစ်နိုင်ကြောင်း၊ အပူချိန် ဆက်လက်မြင့်တက်နေပါက ဝေလငါးများသေဆုံးမှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ကုသမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက မုံရွာမြို့ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ခွဲစိတ်ကုသမှုခံယူကြမည့် လူနာများအား ပဏာမစမ်းသပ်စစ်ဆေးနေမှုနှင့် လက်တွေ့ကုသနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ်ပဲအထွက်နှုန်းတိုးတက်မြင့်မားရေး အိမ်မဲမြို့နယ်၌ စံကွက်ရိတ်သိမ်း

အိမ်မဲ ဖေဖော်ဝါရီ ၂၅

မြောင်းမြခရိုင် အိမ်မဲမြို့နယ် ညောင်ကုန်းချောင်းဖျားကျေးရွာအုပ်စု အကယ်ရိုးကျေးရွာ ကွင်းအမှတ် (၃၃-က) ဦးပိုင်အမှတ် ၂၃/၂ တောင်သူ ဦးသန်းရီ၏ လယ်မြေ ၈ ဒသမ ၀၀ ဧကတွင် စိုက်ပျိုးထားသော ဆောင်းသီးနှံ မတ်ပဲ ရေဆင်း (၃) မျိုး ယှဉ်ပြိုင်ကွက်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက အထွက်နှုန်းသိရှိရန် စံကွက်ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)**

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် မြန်မာ့ဩဘာလုပ်ငန်းစု မန်နေဂျာ ဦးဆန်းဝင်းထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ စံကွက်ရိတ်သိမ်းမှုအရ(ကောင်း)အဆင့် တစ်ဧက ၃၄ဒသမ၁၇တင်း နှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ဆားလင်းကြီးမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၅

ဆားလင်းကြီးမြို့နယ် ပေါင်း၀ ကျေးရွာ ပညာစံအိမ်စာကြည့်တိုက် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ဖေဖော်ဝါရီ၃ရက် ည၇နာရီက ကျင်းပရာ စာရေးဆရာနေဝင်းမြင့်က မင်္ဂလာရှိတဲ့လူ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ အောင်သင်းက မျိုးဆက်သစ်တိုးတက်ရစ်ဖို့ ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ဆက်လက်၍ ပညာစံအိမ်စာကြည့်တိုက်အတွက် မုံရွာမြို့ အဓိပတိစာပေ၊ ရန်ကုန်မြို့ ဦးရဲမင်းအောင်နှင့် မိတ်ဆွေများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က စာအုပ်စာစောင်များ လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သည့် ဆိပ်ကမ်းရုံးလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၄ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လက်ခံယူ

ဗဟန်းမြို့နယ် အင်းလျားမြိုင် အမှတ် ၃၃ နေ ဒေါ်အိအိက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ ဝှီးချဲနှစ်လုံးလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံး လက်ခံယူစဉ်။ (ကင်ဆင်ဖောင်ဒေးရှင်း)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး)သည် ဖေဖော်ဝါရီ ၁၉ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မော်တော်ယာဉ်အသင်းရုံးခန်းမ၌ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၃၀ ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်အချက်ပြများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ လိုက်နာ ဆောင်ရွက်ရမည့် အချက်များကို ပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ကညန)

မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး) နှစ်ပတ်လည် အခမ်းအနားကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (တောင်ကြီး) (၁၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၈နာရီက ဆရာဝန်အသင်း အဆောက်အအုံရှေ့မုခ်ဦး၌ ကျင်းပရာ အခမ်းအနားကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)ဥက္ကဋ္ဌဒေါက်တာကြည်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)ခန်းမ၌ ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်တို့က အမှာစကား ပြောကြားပြီးနောက် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အဆောက်အအုံအတွက် အလှူငွေကျပ်၁၀သိန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)နာယက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ဗဟိုဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေး

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး) အသင်းဝင် ဆရာဝန်ဦးရေ ၂၀၀ခန့် တက်ရောက်ကြပြီး ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ရက်အထိ ကျန်းမာရေးဆိုင်ရာများဆေးပညာရှင်များက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အင်ဂျင်နီယာ ဒီပလိုမာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံရှိ ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်း တစ်ခုဖြစ်သော Future Way Co., Ltd. နှင့် စင်ကာပူအစိုးရ အင်ဂျင်နီယာကျောင်းတစ်ခုဖြစ်သည့် BCA Academy တို့ ပူးပေါင်း၍ ကျောင်းဝင်ခွင့်စာမေးပွဲကို မေလတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျောင်းမှတ်ပုံတင်ကြေးအခမဲ့ဖြင့် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဝင်ရောက်ဖြေဆိုရန် လျှောက်ထားကြသူများအနက်မှ ကျောင်းသားကျောင်းသူ ၅၀ အား ကျောင်းမှတ်ပုံတင်ကြေး ပေးသွင်းရန်မလိုဘဲ ဖြေဆိုခွင့်ကို ရွေးချယ်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ယခုကဲ့သို့ မှတ်ပုံတင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ဖြေဆိုခွင့်ပြုမည့် အစီအစဉ်မှာ ပထမဦးဆုံးအကြိမ် ဖြစ်ကြောင်း Future Way Co., Ltd. မှ သိရသည်။ ဖြေဆိုလိုသူ ကျောင်းသားကျောင်းသူများအနေဖြင့် မတ် ၁၉ ရက် မတိုင်မီ နောက်ဆုံးထား၍ Future Way Co., Ltd. တွင် လာရောက်လျှောက်ထားနိုင်သည်။ ဝင်ခွင့်ဖြေဆိုရန် လျှောက်ထားကြသူများအနေဖြင့် အင်္ဂလိပ်စာ အရည်အချင်းစစ် IELTS, TOEFL ရမှတ်များ ရှိရန်မလိုဘဲ အခြေခံပညာ (၁၀)တန်း (သို့) GCE '0' Level(၃-ဘာသာ)အောင်မြင်ထားရုံဖြင့် (အမှတ်စာရင်း အနည်းအများမလိုဘဲ) ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရှိရသည်။ ဝင်ခွင့်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ပါက BCA Academy မှ ကျောင်းလခ ၆၀ရာခိုင်နှုန်းကို ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ဝင်ခွင့်အောင်မြင်ရန်အတွက် မေးခွန်းဟောင်းများဖြင့် သင်ကြားပေးမည့် အထူးမွမ်းမံ(ရက်တို) သင်တန်းကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့သင်ကြားရမည့်အပြင် လုပ်ငန်းခွင်များတွင် အလုပ်သင်အနေဖြင့် ဝင်ရောက်လုပ်ကိုင်ရမည့် အခွင့်အရေးပါ ရရှိမည်ဖြစ်သည်။ ဖြေဆိုရန် စိတ်ဝင်စားသူများအနေဖြင့် Future Way Co., Ltd. အမှတ်(၉) အခန်းအမှတ်(၆-က) ယောမင်းကြီးလမ်းသွယ် (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတကွန်ဒို ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၁၀၉၉ နှင့် ၂၅၄၁၈၅တို့သို့ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက မြစ်ကြီးနားမြို့ တိုင်းစစ်ဌာနချုပ်၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်က ပြိုင်ပွဲဝင်အသင်းများအား အမှာစကားပြောကြားပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ပထမဆုရအသင်းအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန
အထူးဈေးရောင်းပွဲတော် ထန်းတပင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့မဈေးရှေ့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ဘီးစက်ရုံ စက်ရုံမှူး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ဆက်လက်၍တက်ရောက်လာကြသူများက အထူးဈေးရောင်းပွဲတော် အရောင်းဆိုင်များ၌ပြသရောင်းချသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းငါးခုမှ ထုတ်လုပ်သော ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရောင်းချလျက်ရှိ

အဆိုပါ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ (၁၈၃)

နွေစပါး ဆန်ခါပိုက်ဖြင့် ပျိုးထောင်နည်း
မင်းဘူး၌ သရုပ်ပြရှင်းလင်း

မင်းဘူး ဖေဖော်ဝါရီ ၂၅

မင်းဘူး(စကု)မြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် တစ်ဧကအထွက်နှုန်း မြင့်မားစေရေးအတွက် ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးသက်နု ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြရှင်းလင်းပွဲကိုမြောင်းဦးကျေးရွာ အုပ်စုကွင်းအမှတ်(၁၁၅၄)ရှိ တောင်သူဦးအေးချို၏ အိုင်းမဆည်ရေသောက်လယ်မြေ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် မြို့နယ် စိုက်/ညှိအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်လေ့လာကြသည်။

အဆိုပါဆန်ခါပိုက်ဖြင့် ပျိုးထောင်ခြင်းကြောင့် ပျိုးနုတ်ရလွယ်ကူပြီး ပျိုးသက်နုဖြင့် စိုက်ပျိုးနိုင်၍ စပါးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်းသိရှိရသည်။(ခရိုင်ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၂ ရက်က နှစ်ဖက်မိဘများ ဦးမောင်မြင့်-ဒေါ်ခင်မြင့်၊ ဦးသန်းမောင်-ဒေါ်ခင်ရီတို့အားရည်စူး၍ ကမ္ဘာအေးဗီလာအိမ်ရာကွန်ဒို ရှစ်မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဇော်ဝင်းမြင့်-ဒေါ်ဆွေဆွေသန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာ့ကုဋီနှင့် ရေချိုးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

ယာဉ်မတော်တဆမှုကင်းရှင်းစေရေး ပညာပေးဟောပြော

ပုသိမ် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက်က ပုသိမ်မြို့ နည်းပညာတက္ကသိုလ်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သရုပ်ပြရှင်းလင်း

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်သူရက အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး(ပုသိမ်)မှ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဝင်း၊ ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောကြပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက အချက်ပြစနစ်များကို သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ကညန)**

မတ်လထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၁၁ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်းတွင် သရုပ်ဆောင်မိုးယုစံ၏ မျက်နှာဖုံးနှင့်အတူ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကို(တက္ကသိုလ်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်သဲခေါင်၊ တင့်ဝေအောင်၊ ပေပြီး၊ အေးမျိုးကြည်၊ ငွေးသစ်လွင်(ပရိမ္မ)နှင့် နုသဇင်တို့၏ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညွှက်၊ အောင်အောင်ထွေး၊ ကိုငယ်၊ စည်သူကျော်တို့၏ ကာတွန်းများ၊ ညောင်ဦးဖိုးချို၏ ခါနွေဦးဆုရ ဓာတ်ပုံသုံးသပ်ချက်များ၊ ရှင်ဉာဏ(ဖျာပုံ)၊ ငွေးမောင်၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက်(သုံးဆယ်)၊ မောင်မိုးယံ၊ ပီကျော်ဟန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာသန့်စင်၊ ကြည်လွင်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ကိုကိုလှိုင်၊ ကိုရဲ၊ ဥမ်းဖြူဇင်၊ လှဘုန်းအောင်၊ မောင်စူးစမ်း၊ ကိုခန့်(သုတေသန)၊ ကေကေ(မဟာဝိဇ္ဇာ)၊ခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာကောင်းမြတ်၊ ရဲမာန်ခ၊ စံဇာဏီဘို၊ မောင်နှင်းလှိုင်(ထမင်းဈေး)တို့၏ သုတရသ၊ ဗေဒင်၊ ဟာသနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဇွန်း၊ မင်းယုဝေ၊ ပျဉ်းမနားမြင့်လှိုင်၊ ကိုကို (မြန်မာပြည်သား)၊ ပင်မြင့်စံနှင့် ပတ္တမြားမိုးတို့၏ ရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းလမ်း ၁၅ ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံVPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ***(သတင်းစဉ်)***

ဟသ်ာတမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော် ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်မြတ်မွန် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထူးချွန်ထက်မြက်လိုသည့် ကလေးများအတွက်
Summer Camp သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အသက်ခြောက်နှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား လက်ခံသင်ကြားပေးမည့် Summer Camp အင်္ဂလိပ်စာနှင့် IQ ဖွံ့ဖြိုးမှု သင်တန်းကို Noble Nine Centre က ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်မည့် ကလေးငယ်များအား အင်္ဂလိပ်စာနှင့်စကား အထူးတတ်ကျွမ်းအောင် သင်ကြားပို့ချမည့်အပြင် ဘာသာရပ်ဆိုင်ရာ စူးစမ်းမှတ်သားမှု ဉာဏ်ရည်ထက်မြက်စေမည့် လေ့ကျင့်မှုများ၊ စိတ်ကူးဉာဏ်ပွင့်လန်းပျော်ရွှင်စေမည့် Art & Craft လေ့ကျင့်မှုများ၊ Computer အခြေခံသင်ခန်းစာများကိုပါ တစ်ပြိုင်နက်တတ်ကျွမ်းစေရန် ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

သင်တန်းကို မတ် ၇ ရက်မှ စ၍ မေ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Noble Nine Centre အမှတ် ၂၄၅ (ပထမထပ်) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၅၀၂၂၅၊ ၂၅၀၁၅၀ နှင့် ၀၉-၇၃၀-၄၉၆၁၄ တို့ထံသို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

အမက(၆)တာမွေ၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ သူငယ်တန်းမှတတိယတန်းအထိ လေးနှစ်ဆက်တိုက်ပထမဆုရရှိသူ မရွှန်းလဲ့ဝန်းအားကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ကျီးအင်းအုပ်စု ကျီးအင်းကျေးရွာ ပညာဘဏ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်တို့က အမှာစကားပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်ကို လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်သည် ၁၈ × ၁၈ ပေသွပ်မိုး၊ထရံကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူလတန်းကြိုကျောင်း အဆောက်အအုံသစ် နောင်ချိုမြို့နယ် ကျောက်တောကျေးရွာ၌ဖွင့်

နောင်ချို ဖေဖော်ဝါရီ ၂၅

နောင်ချိုမြို့နယ် ကျောက်တောကျေးရွာ၌ မူလတန်းကြိုကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၂ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်စန္ဒာစိုး၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ညွှန့်၊ နမ့်ဆောင်ဟူး အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ထွေး၊ UNDP ရုံး နောင်ချိုမြို့နယ် စီမံကိန်းတာဝန်ခံ ဦးကပ်ဇာလျန်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များအားလည်းကောင်း၊အလယ်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ထွေး၊ ကျောက်တောကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ကကျောင်းဆောင်သစ်နှင့်ပတ်သက်၍လည်းကောင်းပြောကြားပြီး ကျောက်တောကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းလှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆုချီးမြှင့်

ဆက်လက်၍ ကျောင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောက်တောကျောင်းအုပ်ဆရာကြီးက မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းနောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထူးချွန် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ၃၆ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၆ ပေရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလောမြို့နယ် အမှတ်(၃)ရပ်ကွက် သိမ်ဝ (၂)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်၌ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု သပြေပင်ကျေးရွာ အလင်းပန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကား

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က အမှာစကားပြောကြားသည်။ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်ကြပြီး ကျေးရွာပြည်သူများ ကိုယ်စား ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ကြည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆောက်အအုံဖြစ်

အဆိုပါအဆောက်အအုံမှာ ပေ ၃၀×ပေ၂၀သွပ်မိုး၊အုတ်နံကပ်တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး ရွှေကူမြို့၌ ဆောင်ရွက်

ရွှေကူ ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ် ရွှေကူမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီ၊ ဒုတိယရဲမှူးလှဌေးအောင်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရီထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးနိုင်တို့ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂ရက် နံနက် ၈ နာရီက မြို့မဈေးအနီး၌ မြို့နယ်အတွင်း ဖြတ်သန်းမောင်းနှင်နေသည့် ကိုယ်ပိုင်ယာဉ်၊ ခရီးသည်တင် မော်တော်ယာဉ်၊သုံးဘီးမော်တော်ဆိုင်ကယ်နှင့်မော်တော်ဆိုင်ကယ်မောင်းနှင်လာသူများအား ယာဉ်တိုက်မှု လျော့နည်းစေရေးအတွက် ပညာပေးဆွေးနွေးကြသည်။**(အောက်ပုံ)**

လက်ကမ်းစာစောင်ဖြန့်ဝေ

ထို့နောက် ယာဉ်မောင်းနှင်သူများလိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းအသုံးပြုသူများလိုက်နာရမည့် စည်းကမ်းချက်များ ပါဝင်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ် စာပေ လှူ့မိတ်ဆွေ

မရမ်းကုန်းမြို့နယ် အမက(၃)တွင် ဖေဖော်ဝါရီ ၂ရက်ကကျင်းပသော ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်အောင်ပြည့်စုံဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်း ဆုပေးအပ်စဉ်။ (ပညာရေး)

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှု ဆိုင်ရာ ဗန်းမော်၌ ပညာပေးဟောပြော

ဗန်းမော် ဖေဖော်ဝါရီ ၂၅

ဗန်းမော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက အဝေရာ အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ရှိန်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးက ဇီဝလုံခြုံမှုဆိုင်ရာအကြောင်းကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကု)**

ဈေးကွန်ကရစ်လမ်းပြုပြင်

ကန့်ဘလူမြို့ မြို့မဈေးအတွင်းရှိ ကွန်ကရစ်လမ်းများ ပြုပြင်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးတင်ထွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မတ်လထုတ် ငွေတာရီမဂ္ဂဇင်းထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကိုဇော်ဝင်း (KMD) ၏ ပန်းချီလက်ရာနှင့်အတူ ညွှန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊မောင်စိမ်းနောင်(လယ်ဝေး)၊ကိုနိုင်း(ချင်းတောင်)၊ မောင်မြင့်နိုင်၊ဌေးသစ်လွင်(ပရိမ္မ)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ခြိမ့်နိုင်တို့၏ ရသစုံ ကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊ စည်သူကျော်တို့၏ ကာတွန်းလက်ရာများအပါအဝင် ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မင်းယုဝေ၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်နိုင်(စိတ်ပညာ)၊ဖိုးရန်နိုင်(ကျောက်ကြီး)၊ တက္ကသိုလ်သခ်၊ ဓမ္မဒူတဝိစာရ၊ အမျိုးသားစာပေဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်)၊ ညောင်ဦးဖိုးချို၊ ရေနံမြေမောင်မောင်ကြည်၊ မောင်စူးစမ်း၊ ဗိုလ်ကလေးတင့်အောင်၊ ရန်နိုင်၊ လှဘုန်းအောင်၊ သက်သခင်ညီမ်း၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊ နိုင်ဇော်၊ ရဲမာန်ခ၊ ပီကျော်ဟန်၊ မနုဿကျော်ဝင်း၊ မြင့်ဆွေ (မျက်စိအတု)တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများ၊ မြေလတ် မောင်ချစ်ဖူး၏ မြန်မာ့ရိုးရာဟာသများအပြင် သော်တာဆွေ၊ လဝန်းခင်၊ ပင်မြင့်စံ(ရွှေဘို)၊ စိုးကိုကို (လေးမျက်နှာ)၊ မျိုးခင်တို့၏ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော်ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ***(သတင်းစဉ်)***

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ ဖြေဆိုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးသည် နန်းမြို့ဆုတောင်းပြည့်ဘုရား၌ ကျင်းပသော ထမနဲထိုးပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုပေးပွဲအခမ်းအနားတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင် ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက် ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီးဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အမှတ် (၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ထုံးကျောက်၊ ကျောက်မီးသွေး အကြီးစား တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူ စာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး၊ ဥက္ကဋ္ဌနှင့်အသိသက်သေများက လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးဦးအုန်းမြင့်က ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများလီမိတက် ဥက္ကဋ္ဌအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၂) ဝန်ကြီး ဦးစိုးသိန်းအား

တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd. President, Mr.Liu Jian Ye နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော်လျက်ရှိသော အကြီးစားဒီဇယ်အင်ဂျင်များဖြစ်သည့် 2200-2700 HP Diesel Engine နှင့် 6200-7000 HP Diesel Engine များထုတ်လုပ်မှု စီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်သင်တန်းသားများ စေလွှတ်လေ့ကျင့်ရေး၊ Spares Parts များထုတ်လုပ်ရောင်းချရေး၊ ပစ္စည်းများအမြန်တင်ပို့ရေးနှင့် စီမံကိန်းကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် အကောင်အထည်ဖော်ရေးတို့အတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ

အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder ခေါင်းဆောင်သည့် ILO မစ်ရှင်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးချစ်ရှိန်နှင့် ဦးသန်းဝင်းတို့ တက်ရောက်ကြပြီး ILO အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ILO အဖွဲ့ရုံး အလုပ်သမားရေးရာ "စံ" များဌာန ဒုတိယညွှန်ကြားရေးမှူး Ms. Karen Curtis၊ အကြီးတန်းဥပဒေအရာရှိ Mr. Drazen Petrovic နှင့် ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall တို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ILO ရေးရာ လုပ်ငန်းအဖွဲ့ဝင်များသည် နှစ်ဖက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အနာဂတ်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ မွန်းလွဲပိုင်းတွင် အဆိုပါ မစ်ရှင်အဖွဲ့သည် လူ့ကုန်ကူးမှု တားဆီးကာကွယ်ရေးကော်မတီ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သက်တမ်းတိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးတို့သည် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကို ၁၂ လ ထပ်မံသက်တမ်းတိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲကုန်းမြို့ စိုက်ပျိုးရေး ကျောင်းသားများ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ပြည် ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့စိုက်ပျိုးရေး အလယ်တန်းနှင့် အထက်တန်းကျောင်းသားများ၏ ပဌမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် သဲကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများ၊ ကျောင်းသားများအားလုံး တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ပွဲသို့ မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင်ထွက်မည့် ရန်ကုန်-ပြည် အမြန်ရထားဖြင့် စီးနင်းလိုက်ပါလိုကြသူများ၊ ပြည်မြို့မှ သဲကုန်းမြို့သို့ မတ် ၆ရက် နံနက် ၆ နာရီတွင်ထွက်မည့် မော်တော်ယာဉ်ဖြင့် လိုက်ပါလိုကြသူများသည် ဦးကျော်သောင်း ဖုန်း-၀၉-၇၃၀၇၃၀၀၇၊ ဦးစိုးတင့် ဖုန်း-၀၉-၅၃၆၀၇၇၅၊ ၀၁-၆၄၆၆၂၆၊ ဦးသန်းအေး ဖုန်း-၀၉-၅၄၁၄၄၃၄၊ ၀၁-၅၅၅၈၆၀၊ ဦးကြည်သိန်း ဖုန်း-၀၅၃-၂၈၅၆၄ တို့ထံသို့ ဆက်သွယ် လိုက်ပါနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၆)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၃)
- ၈:၄၀ Myanmar Casual Wear Super Star Singing Contest (Part-1)
- ၉:၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၁၀ ငြိမ်းချမ်းခြင်းသရုပ်···· အေးချမ်းမှုအလှ
- ၁၀:၁၅ Activities in the City (L,V နည်းပညာနှင့် ဘိလပ်မြေစက်မှုလုပ်ငန်းတိုးတက်ရေး ဆွေးနွေးပွဲ)
- ၁၀:၃၀ သွားမယ်စားမယ် (MR-MOON B.B.Q)
- ၁၀:၅၅ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟ ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာ
- ၁၁:၀၅ Goals of the week
- ၁၁:၃၅ အရည်အသွေးတို့၏အစပထမ
- ၁၁:၄၅ **သူတို့ပြောတဲ့သူတို့အကြောင်း** (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၂:၁၅ အမ်ပီယာပြည့်ဝတောက်ပစေမည့် အလင်းရောင်တို့ အားပေးစွမ်းနိုင်သော TOYO BATTERY
- ၁၂:၃၅ ကြည်နူးဖွယ်ရာ ရှမ်းရိုးရာ ရှုဟန်းခံရှင်ပြုမင်္ဂလာ
- ၁:၀၀ "**ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ VJ Choice
- ၃:၀၀ **စိန်တို့ရဲ့ကမ္ဘာ စိန်ကေရာဇ်ပါ**
- ၃:၁၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **မြန်မာ့ဆေးကောင်း** (ဘုန်းလှိုု၊ မျိုးစန္ဒီကျော်၊ ကောင်းစံ၊ ဒေါ်အောင်မြင့်ကြည်) ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)
- ၃:၃၅ Movie Talk (ကြည်စိုးထွန်း၊ ဦးသိုက်စိုး၊) (အပိုင်း-၁)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၃)
- ၄:၄၅ ရက္ခဇေဒကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၅:၀၅ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Lanoperal Lunching အခမ်းအနား)
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၇)
- ၇:၁၅ Myanmar Casual Wear Super Star Singing Contest (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ
- ၉:၀၀ **မိသားစုများသိသင့်သောလေဖြတ်ခြင်းဆိုင်ရာကျန်းမာရေးဗဟုသုတများ** ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း-ခင်စပယ်ဦး R ဇာနည်-ဝမ်း
- ၉:၂၅ Barclays Premier League **Everton Vs Sunderland**
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၄)
- ၁၂:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
- ၁၂:၃၅ ချည်ခင်ကိုမယ်ရှင်းလို့ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်···
- ၁၂:၅၅ Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁:၁၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ···
- ၁:၂၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Chocolate Heaven)
- ၁:၃၅ ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဌမ်းပုံ)
- ၁:၄၅ နယ်ဥဆန်းထွင် ပန်းအလှဆင် Diamond ပုံ ပန်းအိုးထိုးနည်း
- ၂:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပန်းတိုင်အထွက်နှုန်း**
- ၂:၃၀ ရောင်စုံရသနီယွန်ည
- ၂:၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေး လုပ်ငန်း)
- ၃:၁၅ ရှေ့သို့ ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်း အမျိုးမျိုး)
- ၃:၄၅ ငြိမ့်ညောင်းသာယာစောင်းပညာ
- ၄:၁၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၄:၃၅ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
- ၄:၅၀ အလောင်းတော်ကဿပ လိုဏ်ဂူတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၉:၂၅	Wigan- Man U	ESPN (Live)
	Everton- Sunderland	Star Sport (Live)
၁၁:၃၀	Wolverhampton- Blackpool	ESPN (SDD)

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၃)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ပျော်ပါစေရည်ရွယ်ရင်း** မြင့်မြတ်၊ မိုးဟေကို (ဒါရိုက်တာ-ကိုပေါက်)
၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၇ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မြန်မာသံစဉ်
၄:၃၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀ ၈။ ကုန်သွယ်သုတ
၄:၅၅ ၉။ ရန်သူမီး
၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **စားဖို့ဆောင်ချစ်သူ**
၆:၅၀ ၁၅။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူ့ရွှင်တော်စကား
၂၂။ အင်္ဂလိပ်စာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၈)
၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၁)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဦးတင့်ဆန်း (ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) သည် ဖေဖော်ဝါရီ ၂၄ ရက်က နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးသန်းလွင် (WEG)၊ ဦးသောင်းစိန် (ဧရာ ရွှေဝါကုမ္ပဏီ)၊ ဦးဂျင်မီ (Krislite) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈)ကို ကိုက် ၁၅၀ အကွာအဝေးမှ Majesty Iron No.9 တုတ်ဖြင့် Titleist (Pro-V1) No.2 ဂေါက်သီးအား ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

စိမ်းလန်းပါစေ ကမ္ဘာမြေ

မောင်မောင်မျိုး (ပဲခူး)

သဘာဝဆိုတာ လူတွေရဲ့ စီမံဆောင်ရွက်မှုမပါဘဲ ဖြစ်မြဲသဘော၊ ဒါမှမဟုတ် အလိုအလျောက်ဖြစ်တဲ့ သဘောသာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုတာကတော့ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတုစတာတွေပါဝင်တဲ့ လူ့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်တွေ၊ တိရစ္ဆာန်တွေနဲ့ အပင်အမျိုးမျိုးတို့ရဲ့ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်တွေ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနဲ့ အလှအပဆိုင်ရာ အကြောင်းအချက်တွေပဲ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့အတွက် အဓိကအရေးပါတဲ့ လုပ်ငန်းစဉ်တစ်ခုကတော့ သစ်တောထိန်းသိမ်းတဲ့လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့သစ်တောစိမ်းလန်းရေးကို အာဆီယံနိုင်ငံတွေက စတင်ဆောင်ရွက်ဖို့ စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းစေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်ပေါ်ရတဲ့ အဓိကအကြောင်းအရင်းတွေကတော့ ကမ္ဘာမြေရဲ့ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲမှု အလွန်အမင်းများပြားလာခြင်းနဲ့ ဖွံ့ဖြိုးလာတဲ့ စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းကဏ္ဍအသီးသီးက ထုတ်လွှတ်တဲ့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေနဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုတွေ တိုးပွားလာခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၈၀၀၀)လောက်က ကမ္ဘာ့မြေဧရိယာရဲ့ ၅၀ရာခိုင်နှုန်းဟာ သစ်တောတွေနဲ့ ဖုံးလွှမ်းနေပြီး အခုဆိုရင် ၃၀ ရာခိုင်နှုန်းအောက်အထိ လျော့နည်းသွားပြီဖြစ်ပါတယ်။ ၂၀၀၀ပြည့်နှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း တောင်အမေရိကတိုက်မှာဆိုရင် နှစ်စဉ် ဧက ၁၀ ဒသမ ၆ သန်း ဆုံးရှုံးခဲ့ပြီး အာဖရိကနိုင်ငံတွေမှာဆိုရင် ဧက ၉ ဒသမ ၈ သန်း ဆုံးရှုံးခဲ့ပါတယ်။ ဒီလိုသစ်တောတွေ ပျက်စီးပြုန်းတီးရတဲ့ အကြောင်းကတော့ လူဦးရေတိုးတက်လာမှုကြောင့် စားနပ်ရိက္ခာအတွက် လယ်ယာစိုက်ပျိုးမြေအဖြစ်ပြောင်းလဲခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ခုတ်လှဲထုတ်ယူမှု နည်းစနစ်မမှန်ကန်ခြင်း၊ အလွန်အကျွံစားကျက်ချခြင်းနဲ့ တောမီးလောင်ကျွမ်းခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

သစ်တောသစ်ပင်တွေဟာ ရာသီဥတုမျှတအောင် ပြုလုပ်ပေးရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ သစ်တောဖုံးလွှမ်းမှု တစ်စထက်တစ်စ ယုတ်လျော့လာတာနဲ့အမျှ သဲကန္တာရဖြစ်ထွန်းလာမယ့် အလားအလာအနေအထားတွေ ပေါ်ပေါက်လာနေသလို သစ်တောထိန်းသိမ်းနိုင်မှု အားနည်းလာတာနဲ့အမျှ ကာဗွန်ထုတ်လွှတ်မှုပမာဏ များလာလေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ပိုပြီးခံစားကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်မှုကြိမ်နှုန်းတွေ ပိုများလာတာတွေ့ရပါတယ်။ သဘာဝဘေးကြောင့် နှစ်စဉ်ပျမ်းမျှလူပေါင်း ခြောက်သောင်းခန့် သေဆုံးနေပြီး ငတ်မွတ်ခေါင်းပါးမှုဒုက္ခတွေနဲ့လည်း ကြုံတွေ့နေကြရပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုဟာ ကမ္ဘာကြီးပူနွေးလာမှုအပေါ် မူတည်နေပါတယ်။ ကမ္ဘာကြီးပူနွေးလာရတာကလည်း လေထုထဲမှာ အပူထိန်းဓာတ်ငွေ့ (Green House Gas) အနေနဲ့ ရှိသင့်တဲ့ပမာဏထက် ပိုလာလို့ပဲဖြစ်ပါတယ်။ အပူထိန်းဓာတ်ငွေ့ပမာဏကို တိုးလာစေတဲ့ အကြောင်းတွေကတော့ ဒီဇယ်၊ ဓာတ်ဆီ၊ မီးသွေးတို့ လောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ များပြားလာခြင်း၊ သစ်တောပြုန်းတီးမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူမှုနည်းသွားခြင်း၊ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့ရဲ့ အပူစုပ်ယူမှုအားကောင်းခြင်း၊ ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲခြင်းနဲ့ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အအေးခန်းတွေမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းတွေကြောင့်ပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုတွေကို နေရာဒေသတိုင်းလိုလိုမှာ တွေ့နေရပါတယ်။ တချို့ဒေသတွေမှာ မိုးခေါင်မှုတွေ ဖြစ်ပေါ်ပြီး တချို့ဒေသတွေမှာ မိုးရွာသွန်းမှုများတာကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ တရုတ်၊ တောင်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံတွေမှာဆိုရင် လွန်ခဲ့တဲ့ဆောင်းရာသီမှာ ဆီးနှင်းတွေ မကြုံစဖူး ထူးထူးကဲကဲ ကျရောက်ခဲ့ပါတယ်။ ဥရောပနိုင်ငံတွေမှာဆိုရင်လည်း သာမန်ဆောင်းတွင်းအပူချိန်ထက် သိသိသာသာ လျော့နည်းခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၀ပြည့်နှစ် ဒီဇင်ဘာလတန်းက ဥရောပတိုက်တစ်ဝန်းမှာ နှင်းမုန်တိုင်းတွေ ကျရောက်ခဲ့သလို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်လည်း ပနားမားတူးမြောင်းကိုတောင် ခေတ္တပိတ်ထားခဲ့ရပါတယ်။

၂၀၁၀ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် နိုင်ငံတကာမှာ မီးတောင်ပေါက်ကွဲမှု၊ မြေငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ မြေပြိုမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ အပူလှိုင်းကျရောက်မှု၊ တောမီးလောင်ကျွမ်းမှုစတာတွေ ဖြစ်ပွားခဲ့တဲ့အတွက် ကမ္ဘာ့ပြည်သူတွေ သဘာဝဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဟေတီနိုင်ငံမှာ ဇန်နဝါရီလ ၁၂ရက်နေ့က မြို့တော်ပို့အော်ပရင့်စ်ရဲ့ အနောက်တောင်ဘက် ၁၁မိုင်အကွာကိုဗဟိုပြုပြီး ရစ်ချ်တာစကေး ၇ဒသမ၀ ရှိ အင်အားပြင်းထန်တဲ့ ငလျင်ကြီးလှုပ်ခဲ့မှုကြောင့် နေအိမ်တွေ ထောင်ချီ၍ ပြိုကျပျက်စီးခဲ့ရကာ လူပေါင်း နှစ်သိန်းနီးပါး သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံလူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ဟာ ငလျင်ဘေးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ချီလီနိုင်ငံ ကွန်ဆက်ရှင်းရဲ့ အရှေ့မြောက်ဘက် မော်လီဒေရဲ့ ကမ်းလွန်ဒေသမှာ ဖေဖော်ဝါရီလ ၂၇ရက်နေ့က ရစ်ချ်တာစကေး ၈ ဒသမ ၈ရှိ အင်အားပြင်းထန်တဲ့ မြေငလျင်လှုပ်ခဲ့တဲ့အတွက် သေဆုံးသူ ၅၂၁ဦးရှိပြီး ၅၆ဦးပျောက်ဆုံးခဲ့ပါတယ်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာ ဧပြီလ ၇ရက်နေ့ကမိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ရေလွှမ်းမှု၊ မြေပြိုမှုတွေဖြစ်ပွားပြီး ဒေသခံ ၇၇ဦးသေဆုံးခဲ့ရပါတယ်။ နိုင်ငံအတွင်း သဘာဝဘေးကြောင့် ဒုက္ခရောက်ရတာဟာ နှစ်ပေါင်း (၃၀)အတွင်း အဆိုးရွားဆုံး ဖြစ်ခဲ့ရပါတယ်။

အမေရိကအလယ်ပိုင်း ဂွါတီမာလာနိုင်ငံနဲ့ အယ်လ်ဆာဗေဒိုနိုင်ငံတွေရဲ့ ကုန်းတွင်းပိုင်းကို မေလ ၃၁ရက်နေ့က အက်ဂါတာအပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် လူ ၉၆ဦး သေဆုံးခဲ့ရပါတယ်။

တရုတ်နိုင်ငံ ကွီကျိုပြည်နယ်နဲ့ ကွမ်စီကျွမ်းဒေသတွေမှာ ဇွန်လ ၂၈ရက်နေ့က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံ ၁၁ဦးသေဆုံးခဲ့ရကာ နေအိမ် ၅၂လုံးပျက်စီးခဲ့ရတဲ့အပြင် စိုက်ပျိုးမြေဟက်တာ ၄၀၀၀ကျော်ပါ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

စပိန်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွေမှာ ဇွန်လ ၃ရက်နေ့က အပူလှိုင်းကျရောက်ခဲ့ရာ အပူချိန် ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ပြီး စပိန်နိုင်ငံရဲ့ နွေရာသီမှာတော့ အပူချိန်အမြင့်ဆုံးစံချိန် ဖြစ်ခဲ့ပါတယ်။

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်း လီနွန်အရပ်မှာ ဇူလိုင်လ ၄ရက်နေ့က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် ခုနစ်ဦးသေဆုံးခဲ့ပြီး လူဦးရေတစ်သိန်းခန့်ဟာ လေဘေးဒုက္ခနဲ့ ကြုံတွေ့ခံစားခဲ့ရပါတယ်။

ရုရှားနိုင်ငံရဲ့ ဒေသခုနစ်ခုအတွင်းမှာ အပူရှိန်မြင့်တက်ရာမှ ဇူလိုင်လ ၁၀ရက်နေ့က တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့တဲ့အတွက် သစ်တောဧက သုံးသိန်း ထိခိုက်ပျက်စီးခဲ့ရပါတယ်။ တောမီးကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်အဆိပ်ငွေ့တွေဖြစ်ပေါ်ပြီး ပြည်သူတွေ အသက်ရှုကျပ်ကာနာမကျန်းဖြစ်ခဲ့ရပါတယ်။ မီးခိုးဖြူတွေဟာ မြို့တော်မော်စကိုတစ်ခွင်လုံး ဖုံးလွှမ်းခဲ့တဲ့အတွက် လေကြောင်းခရီးစဉ်တွေ ဖျက်သိမ်းခဲ့ရပါတယ်။ တောမီးကြောင့် သေဆုံးသူ ၅၀ကျော်ရှိပြီး ၃၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။

နယူးဇီလန်နိုင်ငံမှာ ခရစ်ချပ်မြို့ရဲ့ အနောက်ဘက် ၁၉မိုင်ခန့်အကွာ မြေအောက်ခြောက်မိုင်ကို ဗဟိုပြုပြီး စက်တင်ဘာလ ၄ရက်နေ့က ရစ်ချ်တာစကေး ၇ ဒသမ ၁ အင်အားရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်တွေ၊ တံတားတွေ၊ ဓာတ်ငွေ့သိုလှောင်ကန်တွေနဲ့ မဟာဓာတ်အားလိုင်း တာဝါတိုင်တွေ ပြိုကျပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လူပေါင်း ၄၀၀၀၀ကျော် ငလျင်ဒဏ် ခံစားခဲ့ရပြီး ၅၂ဦးသေဆုံးကာ ပျက်စီးဆုံးရှုံးမှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ခန့် ရှိခဲ့ပါတယ်။

အာဖရိကတိုက်အနောက်ပိုင်းနဲ့ အလယ်ပိုင်းတွေမှာ အောက်တိုဘာလ ၁၅ရက်နေ့က ရေလွှမ်းမှုကြောင့် ၃၇၇ဦးသေဆုံးခဲ့ပါတယ်။ နိုင်ဂျာနိုင်ငံမှာလည်း မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ဂျာမြစ်နဲ့ အခြားမြစ်တွေမှာ မကြုံစဖူး ထူးကဲမြစ်ရေတက်မှုကြောင့် ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဆူမားတြားကျွန်းရဲ့ အနောက်ဘက်ကမ်းလွန် ပင်လယ်ကြမ်းပြင်အောက် ၁၂ ဒသမ ၈မိုင်ကိုဗဟိုပြုပြီး အောက်တိုဘာလ ၂၅ရက်နေ့က ရစ်ချ်တာစကေး ၇ ဒသမ ၇ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့တဲ့အတွက် ဆူနာမီရေလှိုင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ငလျင်လှုပ်မှုနဲ့ အမြင့်ကိုးပေရှိတဲ့ ဆူနာမီရေလှိုင်းတွေ ရိုက်ခတ်မှုကြောင့် ဒေသခံပြည်သူ ၄၃၅ဦးသေဆုံးခဲ့ပြီး ၁၀၀ကျော် ပျောက်ဆုံးခဲ့ပါတယ်။ ဆူနာမီရေလှိုင်းတွေဟာ ကမ်းခြေမှ ကုန်းတွင်းပိုင်း ပေ ၁၈၀၀ကျော်အထိ ဝင်ရောက်ခဲ့တဲ့အတွက် လူ ၂၀၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မိသားစု ၄၀၀၀ကျော်ဟာ ဆူနာမီဒဏ်နဲ့ ကြုံတွေ့ခံစားခဲ့ရပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းမှာရှိတဲ့ မီရာပီမီးတောင်ဟာ အောက်တိုဘာလ ၂၆ရက်နေ့က ပေါက်ကွဲခဲ့ရာ လူပေါင်း ၃၀၄ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

ကိုလံဘီယာနိုင်ငံမှာ ဒီဇင်ဘာလ ၇ရက်နေ့က မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် ၁၇၄ဦးသေဆုံးကာ လူပေါင်း ၁ဒသမ ၅သန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် နေအိမ်တွေထောင်ချီပြီးတော့လည်း ရေလွှမ်းခံခဲ့ရပါတယ်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းမှာ ဒီဇင်ဘာလ ၁၃ရက်နေ့က နှင်းမုန်တိုင်းတွေ တိုက်ခတ်မှုနဲ့ ပေကျင်းမြို့မှာ လေပြင်းတွေ တိုက်ခတ်မှုတို့ကြောင့် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ လေယာဉ်ခရီးစဉ်ပေါင်း ၂၀၀ကျော်ကို ရွှေ့ဆိုင်းခဲ့ရပါတယ်။

အမေရိကန်နိုင်ငံတစ်ဝန်း ဒီဇင်ဘာလ ၁၄ရက်နေ့က ဆီးနှင်းတွေ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့တဲ့အတွက် စာသင်ကျောင်းတွေပိတ်ထားရပြီး လေယာဉ်ခရီးစဉ် ၄၀၀ကျော်ကို ဖျက်သိမ်းခဲ့ရပါတယ်။

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်းမှာ ဒီဇင်ဘာလ ၃၀ရက်နေ့က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၆ဦး သေဆုံးပြီး ပြည်နယ် ၂၆ ခုမှာရှိတဲ့ ဒေသခံပြည်သူ ၆၃၀၀၀ဟာ မုန်တိုင်းဒဏ်ခံစားကြရကာ လူဦးရေ ၄၉၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ အဲဒီမုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေဖြစ်ပွားခဲ့ရာ ပီရီတိုစန်တိုပြည်နယ်မှာ ငါးဦးသေဆုံးပြီး ရေစီးထဲ နှစ်ဦးမျောပါခဲ့ကာ မီနာဂျီရီစ်ပြည်နယ်မှာတော့ လူ ၁၁ဦး သေဆုံးခဲ့ရပါတယ်။

၂၀၁၀ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့တဲ့ ငလျင်၊ အပူလှိုင်း၊ ရေကြီးမှု၊ တောမီးလောင်မှု၊ ဆိုင်ကလုန်းမုန်တိုင်း၊ အပူပိုင်းမုန်တိုင်းနဲ့ ဆီးနှင်းမုန်တိုင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ကမ္ဘာ့လူဦးရေ ၂၀၈သန်းခန့်ဟာ ဘေးဒုက္ခရောက်ခဲ့ကြပြီး ၂၅၀၀၀၀ကျော် သေဆုံးခဲ့ရပါတယ်။ တစ်နှစ်တည်းမှာပဲ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ဆုံးရှုံးခဲ့ရပြီး ၂၀၁၀ပြည့်နှစ်ဟာ နှစ်ပေါင်း (၃၀)ကျော်ကာလအတွင်းမှာ သေဆုံးမှုအများဆုံးနှစ် ဖြစ်ခဲ့ပါတယ်။

၂၀၁၁ခုနှစ်အတွင်းမှာလည်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် နိုင်ငံတကာမှာ လေပြင်းမုန်တိုင်းတိုက်ခတ်မှု၊ ရေလွှမ်းမှု၊ တောမီးလောင်ကျွမ်းမှု၊ ဆီးနှင်းတွေဖုံးလွှမ်းမှု စတာတွေ ဖြစ်ပွားခဲ့တဲ့အတွက် ကမ္ဘာ့ပြည်သူတွေ သဘာဝဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခံစားနေရတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မှာ ဇန်နဝါရီလ ၃ရက်နေ့က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါင်း ၂၀ကျော်မှာ ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ နှစ်သိန်းကျော်ဟာ ရေဘေးဒုက္ခနဲ့ ကြုံတွေ့ခဲ့ရပြီး လူအချို့ပျောက်ဆုံးခဲ့ပါတယ်။ အချို့နေရာတွေမှာ ပေ ၃၀ အမြင့်အထိ ရေလွှမ်းခဲ့ရာ ဩစတြေးလျနိုင်ငံ သမိုင်းတစ်လျှောက်မှာတော့ အဆိုးရွားဆုံးရေလွှမ်းမှုပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တောင်ပိုင်းမှာ ဇန်နဝါရီလ ၆ရက်နေ့က တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၈၀၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဂျမ်ဝယ်စ်နဲ့ ကလီဘတ်အရပ်တွေမှာ နေအိမ်အချို့ မီးလောင်ခံခဲ့ရပါတယ်။

ဘရာဇီးနိုင်ငံတစ်ဝန်းမှာ ဇန်နဝါရီလ ၇ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ရေလွှမ်းပြီး မြေပြိုခဲ့ရာ နေအိမ် ၃၀၀၀၀ခန့် ရေလွှမ်းခဲ့ပြီး ဒေသခံ ၃၅ဦးကျော်သေဆုံးခဲ့ကာ လူပေါင်း ၂၀၅၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ ဆော်ပေါလိုမြို့မှာ ဇန်နဝါရီလ ၁၃ရက်နေ့က မိုးသည်းထန်ပြီး ရေလွှမ်းမှုတွေဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၂၅၇ဦးအထိ ရှိခဲ့ပါတယ်။ တီရီဆိုပိုလစ်မြို့မှာလည်း ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေကြောင့် လူပေါင်း ၁၃၀သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် မုန်တိုင်းတိုက်ခတ်မှုနဲ့ ရေလွှမ်းမှုတို့ကြောင့် ဇန်နဝါရီလ ၂၁ရက်နေ့အထိ သေဆုံးသူ ၇၇၂ဦးအထိ ရှိခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသတွေဖြစ်တဲ့ စူရီဂါရို၊ ရှုဆမ်နဲ့ မာဂန်ဒါနာရိုပြည်နယ်တွေမှာ ဇန်နဝါရီလ ၆ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုနဲ့ ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ ၉၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ဇန်နဝါရီလ ၁၃ရက်နေ့အထိ သေဆုံးသူဦးရေ ၄၂ဦးရှိခဲ့ပြီး ကောက်ပဲသီးနှံ ပျက်စီးဆုံးရှုံးမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂၃သန်းဖိုးအထိ ရှိခဲ့ပါတယ်။ ရေဘေးဒုက္ခနဲ့ ကြုံတွေ့ခံစားနေရတဲ့ ပြည်သူဦးရေဟာ လေးသိန်းခန့်ရှိပြီး မြို့နယ်ပေါင်း ၈၀ခန့်မှာ ရေလွှမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်ဇီပြည်နယ် ကျူကျင်းမြို့မှာ ဇန်နဝါရီလ ၁၈ရက်နေ့က အအေးလွန်ကဲပြီး နှင်းမိုးရွာချခဲ့တဲ့အတွက် ယာဉ်သွားလာရေးခက်ခဲကာ လျှပ်စစ်မီးလည်း ပြတ်တောက်ခဲ့ရပါတယ်။ ကျဆင်းခဲ့တဲ့ နှင်းထုမှာ ရှစ်စင်တီမီတာအထိ ရှိခဲ့ပါတယ်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းမှာ ဇန်နဝါရီလ ၂၇ရက်နေ့က နှင်းမုန်တိုင်းတွေ တိုက်ခတ်ခဲ့ရာ ယာဉ်သွားလာရေးပြတ်တောက်ခဲ့ရပြီး ဝါရှင်တန်ဒီစီနဲ့ ပင်ဆယ်ဗေးနီးယားတို့မှာရှိတဲ့ စာသင်ကျောင်းတွေပိတ်ထားရကာ လေယာဉ်ခရီးစဉ်တွေလည်း ဖျက်သိမ်းခဲ့ရပါတယ်။

နယူးဇီလန်နိုင်ငံ အထက်ပိုင်းဒေသတွေမှာ ဇန်နဝါရီလ ၂၉ရက်နေ့က ဝီလ်မာဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ရပါတယ်။ မိုးရွာသွန်းမှုကြောင့်လည်း အဝေးပြေးလမ်းတွေနဲ့ နေအိမ်တွေဟာ ရေနစ်မြုပ်ခံခဲ့ရပါတယ်။

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ကမ်းခြေဒေသမှာ ဖေဖော်ဝါရီလ ၂ရက်နေ့က အင်အားပြင်းထန်တဲ့ ယာဆီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ အဲဒီမုန်တိုင်းရဲ့ အဖျက်စွမ်းအားဟာ အမေရိကန်နိုင်ငံ နယူးအော်လင်းပြည်နယ်မှာ ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့တဲ့ ကတ်ထရီနာမုန်တိုင်းနဲ့ နှိုင်းယှဉ်နိုင်လောက်တဲ့ အခြေအနေအထိ ဖြစ်ပါတယ်။ အဲဒီအပြင် ဒါဝင်မြို့မှာလည်း ဖေဖော်ဝါရီလ ၁၆ရက်နေ့က ကားလို့စ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် ကျောင်းတွေနဲ့ လေဆိပ်တွေပိတ်ထားခဲ့ရပါတယ်။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း၊ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းတွေမှာ ဖေဖော်ဝါရီလ ၃ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် သုံးဦး သေဆုံးပြီး ၄၃၀၀၀ကျော် သောင်တင်နေခဲ့ပါတယ်။ အမ်ဗာရာ၊ ထရင်းကိုမာလီနဲ့ ဗာဗူနီယာခရိုင်တွေမှာ ရေဘေးဒုက္ခသည် ၁၀၀၄၃ဦးရှိပြီး လုံးဝပျက်စီးခဲ့တဲ့ အိမ်ခြေ ၇၀၂လုံးရှိခဲ့ပါတယ်။

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ရဲ့ မြောက်ဘက်နဲ့ တောင်ဘက်တွေမှာ ဖေဖော်ဝါရီလ ၅ရက်နေ့က စတင် လောင်ကျွမ်းခဲ့တဲ့ တောမီးတွေကြောင့် သစ်တောဧက ၄၀၀၀ဆုံးရှုံးခဲ့ပါတယ်။

၂၀၁၀ပြည့်နှစ်လိုပဲ ၂၀၁၁ခုနှစ်မှာလည်း သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေရတာကြောင့် ဖေဖော်ဝါရီလ ၉ရက်နေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဆွေးနွေးပွဲမှာ တက်ရောက်လာကြတဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂နိုင်ငံတို့က သဘာဝဘေးကြောင့် သေဆုံးမှုအရေအတွက် များပြားခြင်းကို လျော့နည်းသွားစေရေး အလေးအနက်ထားပြီး ဆွေးနွေးခဲ့ကြပါတယ်။

ပင်လယ်ရေအပူချိန်တွေမြင့်တက်လာပြီး ရေငွေ့ပျံနှုန်း များလာမယ်ဆိုရင် မိုးကြီးခြင်း၊ မုန်တိုင်းတွေဖြစ်ပေါ်ခြင်း စတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် မြောက်ဝင်ရိုးစွန်းမှာရှိတဲ့ ရေခဲပြင်တွေ အရည်ပျော်လာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ရေကြီးမှုဒုက္ခရောက်နိုင်မယ့်အနေအထားလည်း ဖြစ်လာနိုင်ပါတယ်။ မိုးရွာသွန်းမှုနည်းပါးတဲ့ အရပ်ဒေသတွေမှာဆိုရင်လည်း မိုးခေါင်ပြီး သဲကန္တာရတွေ နှစ်စဉ်ပိုပြီး ဖြစ်ပေါ်လာနိုင်တာကို တွေ့ရပါတယ်။

အီဂျစ်နိုင်ငံရဲ့ ဂျုံအများအပြားစိုက်ပျိုးရာ နိုင်းမြစ်ဝကျွန်းပေါ်ဒေသဟာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ဆားငန်ရေတွေဝင်ရောက်မှုကြောင့် လယ်သမားတွေအဖို့ စိုက်ပျိုးမြေတွေ လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုဟာ နိုင်းမြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ စိုက်ပျိုးမြေ သယံဇာတတွေ၊ ခရီးသွားလုပ်ငန်းနဲ့ လူတွေရဲ့ ပြောင်းရွှေ့အခြေချနေထိုင်မှုတွေအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေတဲ့အပြင် အဲဒီဒေသရဲ့ ပျက်စီးလွယ်တဲ့ဂေဟစနစ်ကိုလည်း ရိုက်ခတ်ခြိမ်းခြောက်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပင်လယ်ရေမျက်နှာပြင်ဟာ စင်တီမီတာ ၃၀ခန့် မြင့်တက်လာနိုင်ပြီး ခန့်မှန်းခြေစတုရန်းကီလိုမီတာ ၂၀၀အကျယ်အဝန်းရှိတဲ့ မြေဧရိယာတွေကို ရေလွှမ်းသွားနိုင်ပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ ဒေသခံလူ ငါးသိန်းခန့်ပြောင်းရွှေ့ကြရမှာဖြစ်ပြီး အလုပ်လက်မဲ့ ခုနစ်သောင်းခန့် ဖြစ်သွားနိုင်ကြောင်း လေ့လာမှုတွေအရသိရှိရပါတယ်။ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဟာ လက်ရှိအခြေအနေထက် ပိုပြီးဆိုးရွားလာမယ်ဆိုရင် အစာရေစာငတ်မွတ် ခေါင်းပါးမှုတွေနဲ့ ကြုံတွေ့ရမှာသာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

✳ *ကျောဖုံးမှ*

သတင်းခရီးသည် အနေဖြင့် သတင်းကိစ္စများဖြင့် ခရီးသွားရင်း မကြာခဏ တွေ့မြင်နေရသည့်လမ်းစည်းကမ်းဆိုင်ရာ သတင်းဆောင်းပါး တစ်ပုဒ်ကို ရေးသားချင်စိတ်ပေါ်လာသည်။ ထိုသို့ ရေးသားချင်စိတ်ပေါ်လာရခြင်းမှာလည်း မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာများ ခရီးသွားရင်း အန္တရာယ်မဖြစ်စေလိုသော စေတနာဆန္ဒကြောင့် ဖြစ်ပါသည်။

နေရာကား ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် ဝန်းကျင်၊ ဈေးဝယ်သူတို့ အခေါ် ၃၈ လမ်းဈေးမှသည် အရှေ့အနောက် အနော်ရထာလမ်းမကြီး တစ်လျှောက် ဖြစ်သည်။

အပြည့်နေရာယူ

အထူးသဖြင့် အနော်ရထာလမ်းမကြီးအပေါ် လမ်း ၄၀ ထိပ်မှ ပန်းဆိုးတန်းလမ်းအထိ ဖြစ်သည်။ အနော်ရထာလမ်းမကြီး၏ အများပြည်သူသွား ပလက်ဖောင်းပေါ်၌ မျက်နှာချင်းဆိုင် ဆိုင်တန်းများက အပြည့်နေရာယူထားကြသည်။

ထို့အပြင် ပလက်ဖောင်းကို ကျောပေးလျက် အနော်ရထာလမ်းမကြီး ကားလမ်းမအပေါ်၌ ဈေးဗန်းများ ခင်းကျင်းရောင်းချကြသည်။ ညနေစောင်းလျှင် လမ်းမကြီးပေါ်၌ ဈေးတန်း နှစ်တန်းမှ သုံးတန်းအထိ ဖြစ်သွားသည်။ ဈေးဝယ်သူတစ်ဦးက ''အချို့နေရာတွေဆိုရင် ညနေစောင်းတာနဲ့ လမ်းမကြီးပေါ် ခင်းရောင်းကြတာ''ဟု ဆိုသည်။

ဈေးထိပ် ဆိုက်ကားဂိတ်မှာလည်း ဈေးဘက်အခြမ်း ဆိပ်ကမ်းသာလမ်းထိပ်၊ အနော်ရထာလမ်းမကြီးပေါ်တွင် ကန့်လန့်ဖြတ်နေရာယူထားသည်။ ရုံးပြန်ဝန်ထမ်း၊ ခရီးသွားပြည်သူ၊ ဈေးဝယ်သူတို့မှာ ဈေးတန်းနှင့် မော်တော်ယာဉ်များအကြား ပွတ်ကာသီကာ သွားလာနေကြရသည်။ ယာဉ်ကြောကို ကျောပေးလျက် ဈေးဝယ်ဖို့အရေးသာ အတွေးအာရုံ၌ နစ်မြောလာသည့် ဈေးဝယ်သူတစ်ဦးအတွက် နောက်ကျောတွင် ကပ်ပါလာသည့် ယာဉ်အန္တရာယ်က အလွန်ကြောက်စရာကောင်းလှသည်။

လမ်းပိတ်ဆို့

ခက်သည်က ဟွန်းသံကင်းမဲ့ဇုန်ဖြစ်၍ ဟွန်းတီးခွင့်မရှိ၊ ဈေးဝယ်သူများနောက်ကသာ ကားက တစ်ဘီးချင်းလိုမ့်နေရတော့သည်။ ထိုအခါ ရှေ့သို့သွား၍မရ၊ ဘေးသို့လည်း ပန်း၍မတက်သာသည့်အတွက် ယာဉ်ကြောများ ရှုပ်ထွေးလာပြီး လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လာတော့သည်။

အန္တရာယ်ကြီး

၃၃ လိုင်းမှ ယာဉ်မောင်းကြီးတစ်ဦးက ''ဆိုးတယ်ဗျာ၊ ဘယ်လိုဖြစ်လို့ မော်တော်ယာဉ်သွားတဲ့ လမ်းမကြီးပေါ်မှာ ဈေးရောင်းနေကြသလဲ မသိဘူး။ ခရီးသည်ကို ရှောင်ဖို့၊ တိမ်းဖို့ သတိပေးဖို့ကလည်း ဟွန်းကတီးခွင့်မရဆိုတော့ အခက်သား....၊ ညနေတိုင်း ဒီနေရာရောက်ရင် ချွေးပြန်ရတယ်။ မောင်းသူအတွက်၊ ဈေးရောင်းသူအတွက်၊ လမ်းသွားသူအတွက် အန္တရာယ်ကြီးလှပါတယ်''ဟု ညည်းညူသံလေးဖြင့် ပြောပြသည်။

လမ်းမကြီးပေါ်တွင် ငါး၊ ပုစွန် ရောင်းသည့် အမျိုးသမီးတစ်ဦးက ''ကျွန်မတို့လည်း ဒီလိုလမ်းမကြီးပေါ်မှာ ဈေးဘယ်ရောင်းချင်ပါ့မလဲရှင်၊ မြို့နယ်အတွင်း အန္တရာယ်ကင်းမယ့် နေရာတစ်နေရာရာမှာ သတ်မှတ်

ယာဉ်သွားလမ်းမကြီးအပေါ် ကျောပေးဈေးရောင်းနေသည်က အန္တရာယ်များလှသည်။

ပေးရင်တော့ အကောင်းဆုံးပေါ့....''ဟု သူ့ဆန္ဒကို ထုတ်ဖော်ပြောပြသည်။

သတင်းခရီးသည်လည်း ထိုဈေးမှသည် အနော်ရထာလမ်းမကြီးအတိုင်း ကုန်ဈေးတန်းမှတ်တိုင်အထိ လမ်းလျှောက်ရင်း တွေ့မြင်သမျှ ဓာတ်ပုံမှတ်တမ်းတင်ခဲ့သည်။

ကျဉ်းမြောင်း

ခရီးသွားပြည်သူ အများစုမှာ ပလက်ဖောင်းအပြင်ဘက် ယာဉ်သွားလမ်းမကြီးပေါ်မှ လမ်းလျှောက်နေကြရသည်။ ယာဉ်ကြောကို ကျောပေး၍ လျှောက်နေရခြင်းဖြစ်သည်။ လူသွားပလက်ဖောင်းပေါ်တွင်ကား....။ မျက်နှာချင်းဆိုင် ဆိုင်တန်းများက သူ့ထက်ငါ အလယ်သို့တိုး၍ ဆိုင်ခင်းထားကြသည်။ လူနှစ်ယောက် ယှဉ်လျှောက်၍ပင် မလွတ်ချင်၊ လူသွားလမ်းက ကျဉ်းမြောင်းလွန်းလှသည်။ သည်ကြားထဲ ဈေးထီးအမိုးတိုင်ထောက်များကိုလည်း မကြာခဏ တိုက်မိခဲ့သေးသည်။ အဆိုးဆုံးမှာ ပန်းဘဲတန်းမြို့နယ်အစ ဆူးလေမီးပွိုင့် ခုံးကျော်တံတားထိပ်မှသည် ကုန်ဈေးတန်းမှတ်တိုင်အထိ ဖြစ်သည်။

လူအတင်အချ

ညနေခင်း ရုံးဆင်းချိန်၊ အများပြည်သူတို့ အိမ်ပြန်ချိန်ဖြစ်၍ ၃၆ လမ်း၊ လမ်း ၄၀၊ ကုန်ဈေးတန်း မှတ်တိုင်အနီးတွင် လိုင်းကားကို စောင့်မျှော်နေကြသည့် လူအုပ်ကြီးက ယာဉ်သွားလမ်းမကြီးပေါ်ဝယ် စုပြုံရပ်နေကြသည်။ ခရီးသည်တို့ကလည်း မှတ်တိုင်တည့်တည့်တွင် ရပ်ပြီးမစောင့်၊ လိုင်းကားတို့ကလည်း မှတ်တိုင်တွင်မရပ်၊ ကြုံသလိုရပ်၍ ဖြစ်သလို လူအတင်အချပြုလုပ်နေကြသည်။

လူ့တန်ဖိုး

စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည်။ နိုင်ငံကြီးသားပီသလိုသူတစ်ဦးအတွက် အလွန်အရေးကြီးသော အချက်တစ်ရပ်မှာ စည်းကမ်းလိုက်နာမှုပင်ဖြစ်သည်။

ကင်းဝေး

ခရီးသွားပြည်သူအများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာမှ ဆူးလေလမ်းမကြီးဖြတ်ကျော်ခုံးတံတားတစ်စင်းကို ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးထားသည်။ တာဝန်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့ကလည်း နေ့စဉ်တံတားပေါ်မှကူးကြပါရန် ညွှန်းဆိုအကူအညီပေးလျက်ရှိသည်။ ထို့ကြောင့် ခရီးသွားပြည်သူအများ ယာဉ်အန္တရာယ်နှင့် ကင်းဝေးခဲ့ကြရသည်။

ဒါကလည်း အချိန်ပိုင်းနှင့်သာ။ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိသာ သတ်မှတ်ထားခြင်း ဖြစ်သည်။ သို့သော် လမ်းသွားလမ်းလာ အချို့က ညနေ ၆ နာရီ ထိုးသည့်တိုင်မစောင့်၊ ၅ နာရီထိုးသည်နှင့် တံတားကြီးပေါ်မှ မကူးကြတော့ဘဲ လမ်းမပေါ် ဖြတ်ကူးကြတော့သည်။ တစ်နေ့လုံး အကူအညီပေးသည့် ယာဉ်ထိန်းရဲကြီးလည်း မောပြီထင်၊ တရှီရှီနှင့် ဝီစီ မမှုတ်နိုင်တော့၊ ဆူးလေလမ်းမကြီးပေါ်ဝယ် ကန့်လန့်ဖြတ်ကူးသူတို့ အပြည့်ဖြစ်သွားသည်။

စည်းကမ်းလိုက်နာ

သတင်းခရီးသည်စိတ်ထဲ လူအများဖြတ်သန်းနေသည့် ဘေးက **''လမ်းဖြတ်မကူးရ၊ ခုံးကျော်တံတားမှ သွားပါ''** ဆိုသည့် ဆိုင်းဘုတ်လေးကိုပင် အားနာနေမိတော့သည်။ တစ်ခါတစ်ရံ လမ်းဖြတ်ကူးသူများအကြား ကားက တဖြည်းဖြည်းချင်း လိမ့်ဝင်သွားသည်။ ဘာမှမဖြစ်လျှင်တော့ ကောင်းပါသည်။ ကားနှင့်လူ ဘယ်သူမှားမှား ဒုက္ခတော့များကြတော့မည်။ဆိုလိုသည်မှာ စည်းကမ်းပင်ဖြစ်သည်။ သတင်းခရီးသည်တို့နိုင်ငံသည် ပြည်သူတို့လိုလားသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် စတင်ခြေလှမ်းနေပြီဖြစ်သည်။ ကိစ္စကြီးငယ်မဟူ သတ်မှတ်စည်းကမ်းကို လိုက်နာဖို့ လိုပါသည်။

အန္တရာယ်ကင်းမည်

ထို့အတူ ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများသည်လည်း လမ်း စည်းကမ်းကို လိုက်နာကြဖို့ လိုပါသည်။ သို့မှသာ ''**စည်းကမ်းလိုက်နာ ဘေးကင်းကွာ**'' ဆိုသည့် စကားအတိုင်း ဘေးအန္တရာယ်ဟူသမျှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း။ ။

အနော်ရထာလမ်းမပေါ်မှ ၃၈ လမ်း ဈေးတန်းကလည်း ခရီးသွားများနှင့် မော်တော်ယာဉ်များအကြား အန္တရာယ်ကြီးလှသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကွတ်ခိုင်မြို့နယ် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၉ ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနန်းဖိမ်းလှအောင်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသား၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်မီးသတ်တပ်ဖွဲ့က မီးသတ်ဆေးဘူးအသုံးပြုပုံ သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၈ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ ရက်က စဉ့်ကူးမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် မြို့သစ်ရပ်ကွက်များအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ဥက္ကဋ္ဌများ လိုက်လံစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ မုံလယ်တောရ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ၏ ထေရုပ္ပတ္တိအကျဉ်း



မုံလယ်ဆရာတော် အလောင်းအလျာကို အနောက်ဂန့်ဂေါမြို့နယ်နေ ခမည်းတော် ဦးငွေထွန်း၊ မယ်တော် ဒေါ်ဆေးရန်တို့က ၁၂၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ ငယ်အမည်မှာ မောင်ဝသိန်းဖြစ်သည်။ ညီအစ်ကို မောင်နှမလေးယောက်ရှိသည့်အနက် တတိယမြောက် သားရတနာဖြစ်သည်။

သက်တော် ၁၆ နှစ်အရွယ်၌ မုံလယ်တောရဆရာတော် "ဦးဇာဂရ" ထံတွင် ရှင်သာမဏေပြုခဲ့ပါသည်။ သက်တော် ၁၇နှစ် သာမဏေတစ်ဝါအရတွင် အနောက်ဂန့်ဂေါရွာ မာန်အောင်ကျောင်း (သုသာန်ကျောင်း) ဆရာတော် ဦးသုစိတ္တာလင်္ကာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကုန်သည်ကြီးဦးအေးဖေ၊ ဒေါ်အုန်းကြည်တို့က ရဟန်းဒါယကာခံကာ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြသည်။

ရဟန်း ခြောက်ဝါအရတွင် မန္တလေးမြို့ မြို့ဟောင်းမဂ်လာတိုက်ဆရာတော် "ဦးဓမ္မိသရ"၊ မြို့ဟောင်းတောင်ပြင်တိုက် ဆရာတော် "ဦးသုမန" တို့ထံတွင် မိုးကုတ်ဝိပဿနာ နည်းနိဿရည်းခံ ကျင့်ကြံရှုပွားအားထုတ်တော်မူခဲ့သည်။

ဟောကြားပြသ

ဆရာတော်သည် အနောက်ဂန့်ဂေါ မုံလယ်တောရကျောင်းအပြင် ပဲခူး၊ ဆယ်မိုင်ကုန်း(အမှတ်-၁-တိုက်ခွဲ)၊ ကျိုင်းတုံမြို့(အမှတ်-၂-တိုက်ခွဲ)နှင့် မန္တလေးမြို့၊ ရေတံခွန်တောင်(အမှတ်-၃-တိုက်ခွဲ)များတွင် မုံလယ်ဓမ္မရိပ်သာကျောင်းတိုက်ခွဲများဖွင့်လှစ်ကာ ပြည်တွင်းပြည်ပ သာသနာပြုခရီးများကြွရောက်ပြီး တရားဓမ္မများဟောကြားပြသခဲ့သည်။

ဆရာတော်အား ၁၃၆၁ ခု တပေါင်းလပြည့်နေ့တွင်(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူခဲ့သည်။

ဆရာတော်သည် သက်တော် (၉၁) နှစ်၊ ဝါတော် (၃၄)ဝါ၊ ၁၃၇၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်(ဖေဖော်ဝါရီ ၂၅ ရက်) သောကြာနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့၌ ခန္ဓာဝန်ချချုပ်ငြိမ်းတော်မူသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ၁၃၇၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်(မတ် ၃ ရက်) မွန်းလွဲ ၁ နာရီတွင် မုံလယ်တောရကျောင်း ရေတံခွန်တောင် မန္တလေးတွင် အန္တိမအဂ္ဂိစျာပနပူဇော်ကျင်းပမည်ဖြစ်သည်။

မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ ပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ မုံလယ်တောရဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ သက်တော် (၉၁) နှစ်၊ ဝါတော် (၃၄)ဝါသည် ၁၃၇၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (ဖေဖော်ဝါရီ ၂၅ ရက်) သောကြာနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့၌ ပျံလွန်တော်မူကြောင်း သိရသည်။

(သတင်းစဉ်)

University of Wales မှ ချီးမြှင့်သည့် MBA တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Logistics Management, Supply Chain Management, Human Resources Management, Teacher Training, Hospitality & Tourism Management, Banking & Finance, Business Management စသည့် ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၏ MBA ဘွဲ့ကို STI ၌ သင်ယူနိုင်သည်။ ပြည်တွင်း၌ သင်ယူနိုင်သည့်ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်လည်းဖြစ်သည်။

စိတ်တိုင်းကျ

ယင်းဘွဲ့ကို University of Wales, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်မှ တိုက်ရိုက်သင်ကြားမည် ဖြစ်သည်။ သင်ကြားမည့် ဘာသာရပ်များမှာ Personal Skills Development, Financial Management, Marketing Management, Operations Management, Managing the Human Resource, Managing Change in Organisations, Strategic Management, Research Methods တို့ဖြစ်ပြီး နှစ်နှစ်မှ လေးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှ သင်ယူနိုင်သည်။ MBA တက်ရောက်လိုသူများအနေနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အနည်းဆုံး လုပ်သက်နှစ်နှစ်နှင့် အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်းပြည့်မီရမည်။ အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း မပြည့်မီသူများအနေနှင့် STI ၌ English Program တက်ရောက်ရမည် ဖြစ်ပြီး Intake အားဖြင့် Jan, April, July, Oct လေးခုရှိသည်။

April Intake တွင် စတင်တက်ရောက်လိုသူများအနေနှင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်သည်။ ကျောင်းလခ သက်သာပြီး MBAဘွဲ့ကို အောင်မြင်သူများသည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၌ သွားရောက်၍ ဘွဲ့နှင်းသဘင်တက်ရောက်နိုင်သည်။

ဆက်သွယ်စုံစမ်း

အသေးစိတ် သိရှိလိုပါက STI Education အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် ၄ အခန်း ၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်တို့သို့လည်းကောင်း၊ ဖုန်း-၇၀၀၂၇၃ နှင့် ၅၀၇၀၄၈တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်း ဆွေးနွေးမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အမှတ်(၁) ရပ်ကွက် အမှတ်(၇)နှင့် အမှတ်(၈)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မသန်စွမ်းသူများအတွက် ဘောလုံးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေ ဘောလုံးပွဲအဖြစ် သရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော Actor Star ဘောလုံးအသင်းနှင့် ရတနာပုံ FC အသင်းတို့ မတ် ၂၀ ရက်တွင် မန္တလေးမြို့ ဗထူးကွင်း၌ ကျင်းပမည်ဖြစ်ရာ အကြိုတွေ့ဆုံပွဲ အခမ်းအနားကို မတ် ၁ရက် နံနက် ၉ နာရီတွင် Central Hotel ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတက်ရောက်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်းအမှတ် ၇၉၇၊ အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှ တာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၀၉-၆၈၁၈၆၉၃နှင့် ၀၉-၅၀၃၄၄၀၄ သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ရွှေမင်းသားဖောင်ဒေးရှင်း)

လက်ကိုင်ကွန်ပျူတာ ViewPad များ စတင်မိတ်ဆက်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ခရီးသွားရင်း အလုပ်လုပ်ကိုင်ကြသောစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများအတွက် ကိုင်တွယ်ရလွယ်ကူပြီး ကွန်ပျူတာတစ်လုံးကဲ့သို့လည်း အသုံးပြုနိုင်၊ MP4 player ကဲ့သို့လည်း အသုံးပြုနိုင်သော Viewsonic ViewPad ခေါ် လက်ကိုင်ကွန်ပျူတာများကို မန္တလေးမြို့၌ ယနေ့ကျင်းပလျက်ရှိသော ကွန်ပျူတာ နည်းပညာပြပွဲတွင် စတင်မိတ်ဆက်ရောင်းချလျက်ရှိသည်။ **(အောက်ပုံ)**

အသုံးပြုနိုင်

ယနေ့ မိတ်ဆက်ရောင်းချလျက်ရှိသော ViewPad လက်ကိုင် ကွန်ပျူတာကို ခုနစ်လက်မအရွယ်နှင့် ၁၀ လက်မအရွယ် မော်နီတာမြင်ကွင်းအကျယ်နှစ်ခုဖြင့် အမျိုးအစားနှစ်မျိုးထုတ်လုပ်ထားသည်။ နှစ်မျိုးစလုံးသည် နေ့စဉ်ကွန်ပျူတာ သုံးစွဲနေကျအတိုင်း ဝင်းဒိုးစ်စနစ်ကို အသုံးပြုနိုင်သကဲ့သို့ မိုဘိုင်းဆော့ဖ်ဝဲဖြစ်သည့် အန်းဒရိုက်ဆော့ဖ်ဝဲကိုလည်း အသုံးပြုနိုင်ရာ ကွန်ပျူတာတွင် တယ်လီဖုန်းပါ တစ်ပါတည်း တပ်ဆင်ပြောဆိုလိုသူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။ ViewPad လက်ကိုင်ကွန်ပျူတာတွင်ပါဝင်သော ဆင်းကတ်အပေါက်တွင် တယ်လီဖုန်းကတ်ကိုထည့်၍ တယ်လီဖုန်းပြောဆိုနိုင်သည်။ ViewPad လက်ကိုင်ကွန်ပျူတာကို တယ်လီဖုန်းအဖြစ် အသုံးပြုရာတွင် မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဂျီအက်စ်အမ်စနစ်နှင့် စီဒီအမ်အေ စနစ်များပါ အသုံးပြုနိုင်သည်။ တစ်ဆက်တည်းမှာပင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်တာနက်ဝန်ဆောင်မှုကိုလည်း ရယူအသုံးပြုနိုင်သဖြင့် မြန်မာတစ်နိုင်ငံလုံး မည်သည့်နေရာတွင် ရောက်နေပါစေ ViewPad လက်ကိုင်ကွန်ပျူတာ တယ်လီဖုန်းစနစ်နှင့် အင်တာနက်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

ပြောဆိုနိုင်မည်

ViewPad လက်ကိုင်ကွန်ပျူတာများမှာ လက်ဖြင့်တို့ထိ ခိုင်းစေနိုင်သော မာလ်တီမီဒီယာကွန်ပျူတာ အမျိုးအစားများဖြစ်သဖြင့် ဗီဒီယိုကြည့်ခြင်း၊ သီချင်းနားထောင်ခြင်းများကိုလည်း ပြုလုပ်နိုင်သည်။ ViewPad လက်ကိုင်ကွန်ပျူတာများတွင် ကင်မရာပါပါရှိသဖြင့် သရီးဂျီနက်ဝပ်ရသောနေရာများ၌ တယ်လီဖုန်းဆက်ရာတွင် တစ်ဖက်လူကလည်းကင်မရာပါသောဖုန်းကို အသုံးပြုပါက တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် စကားပြောနေသကဲ့သို့ ပြောဆိုနိုင်မည်ဖြစ်သည်။

ViewPad လက်ကိုင်ကွန်ပျူတာများသည် တာရှည်ခံ ဘက်ထရီများကို အသုံးပြုထားရာ တစ်ခါအားသွင်းထားရုံဖြင့် ခြောက်နာရီကြာ အသုံးပြုနိုင်သည်။ အရွယ်အစားမှာလည်း သာမန်မှတ်စုစာအုပ်အရွယ်ရှိပြီး အလေးချိန်မှာလည်း သာမန်လက်ပ်တော့ကွန်ပျူတာများ၏ အလေးချိန်ထက် သုံးဆခန့် လျော့နည်းသဖြင့် သွားလေရာ အလွယ်တကူ သယ်ယူအသုံးပြုနိုင်သည်။

ဆက်သွယ်စုံစမ်းနိုင်

ViewPad လက်ကိုင်ကွန်ပျူတာများကို အမှတ် ၇၊ ၈၇ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ Royal Ayeyarwaddy Co., Ltd. က တင်သွင်းပြီး စိတ်ဝင်စားသူများ အနေဖြင့် ဖုန်း-၃၈၄၈၅၀ နှင့် ၃၈၉၃၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခြင်ဆေးမီးပွား သေးငယ်ဥြား ဒုက္ခများစွာ ပေးလိမ့်မည်

လေးနှစ်အာမခံ AUX လေအေးပေးစက်များဖြန့်ဖြူး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရာသီဥတု ပူအိုက်မှုဒဏ်ကြောင့် လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုနည်းသည့် ခံစားရမှုများမှ ကင်းဝေး၍ သာယာရွှင်လန်း အေးချမ်းပေါ့ပါးသော ကိုယ်စိတ်တို့ဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို AUX လေအေးပေးစက်များက အထောက်အကူပြုလျက်ရှိသည်။

ကြိုက်နှစ်သက်

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့် ပစ္စည်းများအသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့အပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း Digital Display ပါရှိခြင်း၊ 4 Way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor and Circut အသုံးပြုထားခြင်း၊ အရည်အသွေးမြင့်ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့် အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင်ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို ၅ရာခိုင်နှုန်း Discount ပေးထားသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

AUX အမှတ်တံဆိပ် လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co.,Ltd. အမှတ် ၂၂၅ အနော်ရထာလမ်း ၁၁ လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁ နှင့် Fax : ၀၀၉၅-၁-၂၂၈၃၈၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ကွင်းလယ်ကစားသမား အင်ဒီကင်းအား အဲဗာတန် ခေါ်ယူမည်

လန်ဒန် ဖေဖော်ဝါရီ ၂၅

လက်စတာစီးတီး ကွင်းလယ်ကစားသမား အင်ဒီကင်း (အောက်ပုံ)ကို ခေါ်ယူရန် မိမိတို့ပြင်ဆင်နေကြောင်း အဲဗာတန်ကလပ်က ဖေဖော်ဝါရီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

ဆန္ဒပြင်းပြ

လက်စတာစီးတီးကလပ်က အင်ဒီကင်းကို ထုတ်ရောင်းမည်မဟုတ်ကြောင်း ငြင်းဆိုထားသော်လည်း အဲဗာတန်ကလပ်က ရအောင်ခေါ်ယူမည် ဖြစ်သည်။ အင်ဒီကင်းကလည်း အဲဗာတန်ကလပ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြလျက်ရှိသည်။

အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အင်ဒီကင်း သည် လက်စတာစီးတီးအတွက် စုစုပေါင်း ၁၅ ဂိုးသွင်းယူပေးထားသည့်အတွက် အဲဗာတန်က ကွင်းလယ်တိုက်စစ်အတွက် ခေါ်ယူရန် ဆန္ဒပြင်းပြနေခြင်းဖြစ်သည်။ အဲဗာတန်အသင်းသည် ဆွီဒင်ကွင်းလယ်ကစားသမားဖြစ်သည့် အသက် ၁၇ နှစ်အရွယ် ဂွန်ဟမ်မားကိုလည်း စာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ (အင်တာနက်)



မောင်မောင်မြင့်ဆွေ ရေးသားသည်

ကားလင်းဖလား ဗိုလ်လုပွဲ ဖာဘရီဂတ်စ်လွဲချော်

လန်ဒန် ဖေဖော်ဝါရီ ၂၅

*လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ဖေဖော်ဝါရီ ၂၇ရက်၌ ယှဉ်ပြိုင်ကစားမည့် ကားလင်းဖလား နောက်ဆုံး ဗိုလ်လုပွဲ၌ အာဆင်နယ်အသင်းတွင် ဖာဘရီဂတ်စ်**(အပေါ်ပုံ)** ပါဝင်နိုင်ဖွယ်မရှိကြောင်း ၄င်းကလပ်က သတင်းထုတ်ပြန်သည်။*

ပြောကြား

ဖာဘရီဂတ်စ်သည် တံကောက်ကြောဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားနိုင်ခြင်းမရှိကြောင်း၊ စတုတ်အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

မသေချာ

ထို့အတူ ဗန်ပါစီ၊ ဒီရာဘိုင်နှင့် လောရင့်တို့လည်း ဒဏ်ရာများကိုယ်စီ ရရှိနေကြသဖြင့် ကြံခိုင်မှုမပြည့်ဘဲရှိနေသည်။ သို့သော် ၄င်းတို့သုံးဦးမှာ ကားလင်းဖလား ဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း၊ ဝေါကော့သ်လည်း ပါဝင်ကစားရန် မသေချာကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။ ***(အင်တာနက်)***

ချယ်ဆီးနောက်ခံလူ ဇိုင်ရာကော့ဗ် လီဗာပူးသို့ ပြောင်းမည်



လန်ဒန် ဖေဖော်ဝါရီ ၂၅

ချယ်ဆီးအသင်း ဝဲအစွန်နောက်ခံကစားသမား ယူရီဇိုင်ရာကော့ဗ်**(ယာပုံ)**သည် ယခုနှစ်နွေရာသီ၌ ချယ်လ်ဆီးအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဇိုင်ရာကော့ဗ်သည် ၂၀၀၉ ခုနှစ်က စီအက်စ်ကေအေမော်စကိုအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်၁၈သန်းဖြင့် ရောက်ရှိလာသူဖြစ်သည်။

စိတ်တိုင်းမကျ

ဇိုင်ရာကော့ဗ်သည် ရောက်ရှိသည့် ဘောလုံးရာသီ၌ ၁၇ပွဲသာကစားခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီ၌ ကိုးပွဲသာကစားခဲ့ရသဖြင့် စိတ်ပျက်နေသူ တစ်ဦးဖြစ်သည်။ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ၄င်းကိုအရံဘောလုံးသမားသဖွယ် သဘောထားနေခြင်းကိုလည်း စိတ်တိုင်းမကျ ဖြစ်လျက်ရှိသည်။

ဇိုင်ရာကော့ဗ်သည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆက်သွယ်ထားပြီး နွေရာသီအပြောင်းအရွှေ့၌ ချယ်လ်ဆီးမှ ထွက်ခွာမည်ဖြစ်သည်။ **(အင်တာနက်)**

တိုကျိုမာရသွန်ပြိုင်ပွဲ၌ ကမ္ဘာ့စံချိန်ရှင် ဒဏ်ရာကြောင့်လွဲချော်



တိုကျို ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မကြာမီကျင်းပမည့် တိုကျိုမာရသွန်ပြိုင်ပွဲ၌ လက်ရှိကမ္ဘာ့စံချိန်ချိုးထားသူ အီသီယိုးပီးယားနိုင်ငံသား ဟေလီဂီဘရာစီလာသီ**(ဝဲပုံ)**မှာ ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

ယှဉ်ပြိုင်နိုင်

အသက် ၃၇ နှစ်အရွယ်ရှိ ဟေလီဂီဘရာစီလာသီမှာ အီသီယိုးပီးယားနိုင်ငံ၌ လေ့ကျင့်နေစဉ် ဒူးဒဏ်ရာရရှိပြီး တိုကျိုမာရသွန်ပြိုင်ပွဲကို ဝင်ရောက်မယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်။

အိုလံပစ်ရွှေတံဆိပ်နှစ်ဆုရရှိထားသည့် ဟေလီဂီဘရာစီလာသီမှာ ၂၀၀၈ ခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲ၌ ၂နာရီ ၃ မိနစ် ၅၉ စက္ကန့်ဖြင့် ကမ္ဘာ့အမြန်ဆုံးမာရသွန်အပြေးသမားအဖြစ် စံချိန်တင်ထားသူဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ အဝေးဂိုးမရ၍ ဖာဂူဆန်စိတ်ပျက်နေ

လန်ဒန် ဖေဖော်ဝါရီ ၂၅

မန်ယူနှင့် မာဆေးတို့ ဖေဖော်ဝါရီ ၂၄ ရက်က ကစားခဲ့သော ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် ပထမအကျော့ပြိုင်ပွဲတွင် ဂိုးမရှိသရေကျခဲ့၍ မန်ယူတို့အဝေးဂိုး မသွင်းနိုင်သဖြင့် စိတ်ပျက်မိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က**(အပေါ်ပုံ)** ပြောကြားသည်။

၄င်းတို့သည် မတ် ၁၆ ရက်တွင် ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ တစ်ဖက်တစ်ဂိုးစီ သရေကျပါက မန်ယူတို့ပြိုင်ပွဲမှ ထွက်ရမည်ဖြစ်သည်။

မာဆေးကွင်းတွင် မန်ယူတို့ အဝေးဂိုးတစ်ဂိုး သွင်းဖို့ကောင်းကြောင်း၊ တစ်ဂိုးမှ မသွင်းနိုင်၍ စိတ်ပျက်မိကြောင်း၊ ယခုပြိုင်ပွဲအဆင့်တွင် အဝေးဂိုးသည် အရေးကြီးကြောင်း ဖာဂူဆန်က ပြောကြားသည်။

ဒုတိယအကျော့တွင် မန်ယူတို့အိမ်ကွင်းကစားရမည်ဖြစ်၍ အားသာချက်ရှိသော်လည်း မမျှော်လင့်ဘဲ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့လျှင် မန်ယူတို့ အောင်ဖျာလိပ်သွားနိုင်သည်။ **(အင်တာနက်)**

➢ မြင့်မောင်စိုး - စုစည်းသည် ➣

ဘာစီလိုနာ လူငယ်ကစားသမား အာဆင်နယ်ခေါ်ယူထား

လန်ဒန် ဖေဖော်ဝါရီ ၂၅

ဘာစီလိုနာ လူငယ်ဘောလုံးသင်တန်းကျောင်းမှ နောက်ထပ် ကစားသမားတစ်ဦးကို အာဆင်နယ်က ဝယ်ယူလိုက်သည်။

၄င်းကစားသမား၏ အမည်မှာ ဂျွန်တိုရယ် **(အောက်ပုံ)** ဖြစ်ပြီး အသက် ၁၆ နှစ်သာ ရှိသေးသည်။ ၄င်းသည် လာမည့်နှစ်တွင် အသင်းခေါင်းဆောင် ဖာဘရီဂတ်စ် ခြေရာနောက်သို့ လိုက်တော့မည်ဖြစ်သည်။

ခေါ်ယူခဲ့

မြောက်လန်ဒန်ကလပ် အာဆင်နယ်က ကွင်းလယ်ကစားသမား တိုရယ်အား ပေါင် ၃၅၀၀၀၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၇-၂-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(မေတ္တာသုတ်၊ ခန္ဓသုတ်)**
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘ၀အသွင်ကဗျာ့အမြင် (ဤသုံးဦး)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (မျက်စိအားကောင်းစေတဲ့ အာဟာရများ)
၁၀း၄၀ တေးစီးရီး (OLD SERVICE ဟဲလေး)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်တေးပုံပြင်- ကျွမ်းကျင်ရာတစ်ခုရည်မှန်းပြု)
၁၂း၁၀ ဘ၀တစ်ကွေ့ အတွေ့အကြုံ (နှစ်သိမ့်စကား)
၁၂း၁၅ နှောင်းခေတ်ရပ်ရှင်တေးများ
၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁။ ပုလဲရတနာစာစီစာကုံးများ (ဦးဝမ်ထိန်)
၂။ အသံလွှင့်အနုပညာ (ကိုဖိုးအေး-မြန်မာ့အသံ)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တုံ့ပြန်ဖြေကြားအနုပညာရှင်များ (ရီဝေယံ)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် (ခေတ်သစ်ပုံနှိပ်လုပ်ငန်းကို စတင်ခဲ့သူ ဂူတင်ဘာတ်)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ဟက်ကက်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း **စီးပွားရေးဦးတည်ချက်**
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ယဉ်ယဉ်ထွန်း)
၂၀း၄၀ လယ်ယာစီးပွား (မတ်ပဲအထွက်တိုးအောင်)
၂၀း၅၀ တေးပဒေသာ **လူမှုရေးဦးတည်ချက်**
၂၁း၀၀ ရင်တွင်းခံစားတေးသီချင်းများ (စိုးသူရ)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျောက်မီးသွေးနှင့် ထုံးကျောက်အကြီးစားတူးဖော်ထုတ်လုပ်ရန် လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများလီမိတက်တို့၏ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး(အကြီးစား)နှင့် ထုံးကျောက်(အကြီးစား) တူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ *စာမျက်နှာ ၈ ကော်လံ ၁* ❐

ထူးခြားသည့် ညအပူချိန်များ

၂၅-၂-၂၀၁၁

ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၅ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၅ ဒီဂရီစင်တီဂရိတ်

လမ်းဖြတ်ကူးသူများအနေဖြင့် ဆူးလေလမ်းမကြီးပေါ်၌ ဆောက်လုပ်ပေးထားသော ခုံးကျော်တံတားပေါ်မှ ဖြတ်ကူးလျှင် ယာဉ်အန္တရာယ်ကင်းဝေးကာ ပိုမိုစိတ်ချစွာ သွားလာနိုင်ပေမည်။

လမ်းစည်းကမ်းကို လိုက်နာဖို့လိုပါသည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သတင်းခရီးသည်တစ်ဦး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယခုတလော မကြာခဏဆိုသလို သတင်းစာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲသတင်းများကို တွေ့မြင်ဖတ်ရှုနေရသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်မှုသည်လည်း အရေးပါလှသည်ကို လူအများသိပြီးဖြစ်၍ အထူးဖော်ညွှန်းခြင်း မပြုလိုတော့ပါ။

သတ်မှတ်ချက်

အထက်ကဆိုခဲ့သည့်အတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုရာတွင် ယာဉ်စည်းကမ်းသည် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့်သာသက်ဆိုင်ပြီး လမ်းစည်းကမ်းဟူသည်ကား ယာဉ်မောင်းရော၊ ခရီးသွားများပါ (တစ်နည်းအားဖြင့်) လမ်းအသုံးပြုသူအားလုံး လိုက်နာရမည့် သတ်မှတ်ချက်ဖြစ်ပါသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* *